မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်၌ ပြောင်းလဲလာသည့် ခေတ်၊ စနစ်နှင့်အညီ ပြည်သူအားလုံးပါဝင်ကြရန် အထူးလိုအပ်

ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်ရာတွင် ပြည်သူများက မိမိတို့တွင်ရှိသည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးချ

နေပြည်တော် ဇွန် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သာသနာ့ဗိမာန်၌ကျင်းပသည့် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ တပ်ကုန်းမြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး လွှတ်တော်ရေးရာကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တပ်ကုန်းမြို့နယ်ရှိ မဲဆန္ဒရှင် ပြည်သူများအား လွှတ်တော်ရေးရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်၌ ခေတ်၊ စနစ်များပြောင်းလဲလျက်ရှိကြောင်း၊ ပြောင်းလဲလာသည့် ခေတ်၊ စနစ်နှင့်အညီ ပြည်သူအားလုံးလည်း ပါဝင်ကြရန် အထူးလိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်ရာတွင် ပြည်သူများကလည်း မိမိတို့တွင်ရှိသည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးချကြရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ ဆန္ဒသဘောထားနှင့် လိုအပ်ချက်များကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ပြည်သူများက ပြည်သူ့ကိုယ်စားလှယ်များကိုရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်က ပြည်ထောင်စုအစိုးရအကြီးအကဲ၊ နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား ရွေးချယ်တာဝန်ပေးပြီး အစိုးရကလည်း ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများပါဝင်သော မူဝါဒများ၊ ဥပဒေများအတိုင်း စီမံခန့်ခွဲအုပ်ချုပ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများက ပြန်လည်စိစစ်သုံးသပ်၍ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီး မေးခွန်း၊ အဆိုများဖြင့် တင်ပြဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်ပါက ဥပဒေကြမ်းအဖြစ် တင်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ဆန္ဒနှင့် လိုအပ်ချက်များအား လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြခြင်းဖြင့် အခွင့်အရေးကို အကျိုးရှိရှိ မှန်မှန်ကန်ကန်အသုံးချကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက လွှတ်တော်အတွေ့အကြုံများအား ရှင်းလင်းပြီး လက်ရှိကျင့်သုံးလျက်ရှိသော ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ဝန်ထမ်းများက မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူများအနက် တပ်ကုန်းမြို့မှ တောင်သူ ဦးကြည်မောင်၊ တောင်သူ ဦးကြည်လွင်စိုးနှင့် တောင်သူ ဦးရဲမြင့်တို့က စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း စသည့်သီးနှံများနှင့်စပ်လျဉ်း၍ တစ်ကေစိုက်ပျိုးမှု စာမျက်နှာ ၈ ကော်လံ ၁ ◯

လ လေ့လာရေးယာဉ်နှစ်စင်း စေလွှတ်မည်

ဝါရှင်တန် ဇွန် ၂

လ လေ့လာရေးအတွက် အီဘ်နှင့်ဖလောအမည်ရှိ လေ့လာရေးယာဉ်နှစ်စင်းကို နာဆာမှစေလွှတ်ရန် ပြင်ဆင်လျက်ရှိရာ လာမည့် ဩဂုတ် ၃၀ ရက်၌ လွှတ်တင်နိုင်ရန် ခန့်မှန်းထားကြောင်း နာဆာမှ ဇွန် ၁ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ လ လေ့လာရေးယာဉ်နှစ်စင်းသည် လ၏မျက်နှာပြင်ပေါ်နှင့် အနီးဝန်းကျင်အထိ သွားရောက်ကာ လ၏ပြောင်းလဲမှုများကို အသေးစိတ်လေ့လာမည်ဖြစ်ကြောင်း နာဆာကပြောကြားသည်။ **(ယာပုံ)**

၄င်းအာကာသယာဉ်နှစ်စင်းကို ပြီးခဲ့သည့် မတ် ၈ ရက်မှစတင်ကာ ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ အချိန်သုံးလကြာမျှရှိပြီဖြစ်သည်။ ယင်းလလေ့လာရေးယာဉ်နှစ်စင်းပေါ်တွင် ရေဒီယိုအချက်ပြစနစ်များ၊ သတင်းအချက်အလက်နှင့် ဓာတ်ပုံထုတ်ပြန်မှုစနစ်များနှင့် ကိရိယာများကို တပ်ဆင်လျက်ရှိသည်။

ထိုသို့ ကိရိယာများတပ်ဆင်ပေးထားမှုကြောင့် လေ့လာတွေ့ရှိရသော သတင်းအချက်အလက်နှင့် ဓာတ်ပုံများ၏ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းကို



မြေပြင်စခန်းသို့ ပြန်လည်ပေးပို့နိုင်မည်ဖြစ်ကြောင်း၊ လမျက်နှာပြင်၏ အမြင့်ဆုံးနေရာနှင့် အနိမ့်ဆုံးနေရာများကိုလည်း လေ့လာသုတေသနပြုနိုင်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မထသ(ဗဟို)နှင့်တစ်နေ့တာ

➤ သတင်းနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်) ➤

ရန်ကုန် ဇွန် ၂

မထသ(ဗဟို)မှ တာဝန်ရှိသူများနှင့် ပြည်တွင်းသတင်းမီဒီယာတွေ့ဆုံပွဲကို တစ်လလျှင် နှစ်ကြိမ် တောင်ဥက္ကလာပမြို့နယ် မထသ(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြသည်။

မေးမြန်း

မထသ(ဗဟို)က ခရီးသွားပြည်သူအများ သိသင့်သိထိုက်သည်များကို မီဒီယာများမှတစ်ဆင့် ပြောပြစေချင်သကဲ့သို့ မီဒီယာများကလည်း သိလိုသမျှကို ပွင့်ပွင့်လင်းလင်း မေးမြန်းခဲ့ကြသည်။

မီဒီယာ *- ခရီးသွားယာဉ်လိုင်းတွေက နံနက်ပိုင်းနဲ့ ညနေအချိန်တွေမှာ အမြဲလူပြည့်ကျပ်နေတာ တွေ့မြင်နေရပါတယ်။ နောက်ထပ်ခရီးသည်တင်ယာဉ်တွေ ထပ်မံဖြည့်တင်းဖို့ ရှိမရှိ သိလိုပါတယ်။* ***စာမျက်နှာ ၃ ကော်လံ ၁*** ▲

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၃ ရက်)

ကျောင်းသားကျောင်းသူတို့၏ သန္နိဋ္ဌာန်

၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကား စပြီ။ ကျောင်းသား ကျောင်းသူတို့ စာသင်ခန်းအသီးသီးတို့၌ စတင်ပညာသင်ကြားနေကြပေပြီ။ ကျောင်းသား ကျောင်းသူတိုင်း၏ ရည်မှန်းချက်ပန်းတိုင်သည် တစ်နှစ်တစ်တန်း မလွတ်စတမ်း ထူးချွန်စွာအောင်မြင်ရေးပင်ဖြစ်သည်။ ဤသို့ ထူးချွန်စွာအောင်မြင်နိုင်ရေးမှာ ကျောင်းသား ကျောင်းသူတိုင်းက ခိုင်မာသော သန္နိဋ္ဌာန်ချထားဖို့ လိုသည်။ ခိုင်မာသော သန္နိဋ္ဌာန်ချထားမှ ထူးချွန်စွာ အောင်ပွဲဆင်နိုင်ပေလိမ့်မည်။

ခိုင်မာသော သန္နိဋ္ဌာန်သည် ပြတ်သားသော ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ မိမိသည်ကား ယခုတက်ရောက်နေသောအတန်းတွင် ထူးချွန်စွာအောင်မြင်ရမည်ဆိုသည့်ဆုံးဖြတ်ချက်ကို အခိုင်အမာချထားရန်လိုသည်။ ထိုဆုံးဖြတ်ချက်သည် ပေါ့ပေါ့တန်တန်မဟုတ်။ စာကိုကြိုးစားပါမည်ဟု မိမိကိုယ်ကိုမိမိ အာမခံလိုက်ခြင်းပင်ဖြစ်သည်။ ထိုအာမခံချက်သည် အောင်မြင်မှုရရှိရန် ၅၀ ရာခိုင်နှုန်းသေချာသွားပြီဟု မှတ်ယူသင့်၏။ ကျန် ၅၀ ရာခိုင်နှုန်းသာ လက်တွေ့ကျကျ အချိန်အဟုန်မပျက် ပုံမှန်ကြိုးစားသွားရန်လိုသည်။

ဟုတ်ပြီ။ ဤသို့ဆိုလျှင် မည်သို့သန္နိဋ္ဌာန်ချမည်နည်း။ သန္နိဋ္ဌာန်ချနည်းကား ရှိ၏။ ငါသည် ယခုပညာသင်နှစ်၌ ထူးချွန်စွာအောင်မြင်အောင် ကြိုးစားပါမည်၊ ဆရာ ဆရာမများ သင်ကြားပေးလိုက်သော ကျောင်းသင်ခန်းစာတိုင်းကို တစ်နေ့ချင်းမပြတ် ကျက်မှတ်ပါမည်၊ လစဉ်စာမေးပွဲတိုင်း အမှတ်ရာနှုန်းပြည့်အောင်မြင်အောင် ကြိုးစားသွားပါမည်၊ အပျော်အပါးတို့ကို ရှောင်ကြဉ်ပါမည် စသည်ဖြင့် ခိုင်မာသော သန္နိဋ္ဌာန်များ ချထားဖို့လိုသည်။

ထိုခိုင်မာသော သန္နိဋ္ဌာန်များ ချထားခြင်းမရှိဘဲ နမော်နမဲ့နေ၍ကတော့ ထူးချွန်စွာအောင်မြင်ဖို့ဆိုတာ ဝေးစွ။ သာမန်အောင်မြင်မှုပင် ရရန်မလွယ်လှပေ။ ယနေ့သင်သည့်စာ သိပ်မများသေးပါဘူးကွာ နောက်နေ့မှ ပေါင်းကျက်မည်။ တစ်ခါနောက်နေ့ရောက်တော့လည်း နောက်နေ့မှ ပေါင်းကျက်မည် စသည်ဖြင့် နောက်နေ့ပေါင်းများလာသည့်အခါ လူကစာကိုမနိုင်ဘဲ စာကလူကိုနိုင်ပြီး စာမရဖြစ်တတ်သည်။ နောက်ဆုံး စာမလိုက်နိုင်ဖြစ်သွားတတ်သည်ကို ကျောင်းသားကျောင်းသူတို့အနေဖြင့် သတိမူကြစေလိုပါသည်။

တစ်ခါ အပေါင်းအသင်းသည်လည်း အရေးကြီးသည်။ အပျော်အပါးလိုက်စားလွန်းသော ကျောင်းသား ကျောင်းသူနှင့် တွဲမိလို့ကတော့ မှားပြီလို့သာမှတ်ပေတော့။ “လာပါ သူငယ်ချင်းရာ တစ်ခါလောက် ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်ရအောင်ကွာ၊ တစ်ခါလောက်တော့ ဘာမှမဖြစ်ပါဘူးကွာ”ဟူ၍ အခေါ်ကောင်းသဖြင့် ကောက်ကောက်ပါသွားသူများ ရှိတတ်သည်။ ထိုတစ်ကြိမ်တစ်ခါမှသည် အကြိမ်ပေါင်းများလာသည့်အခါ စာမလိုက်နိုင်သည့်ကျောင်းသားအဖြစ်သို့ ရောက်သွားနိုင်သည်ကိုလည်း သတိမူကြစေလိုပါသည်။

သို့ပါသောကြောင့် ကျောင်းသား ကျောင်းသူတိုင်းသည် ခိုင်မာသော သန္နိဋ္ဌာန်များချမှတ်ထားဖို့လိုပါသည်။ သန္နိဋ္ဌာန်များ ချထားသည့်အတိုင်း စာသင်နှစ်မှစပြီး အချိန်အဟုန်ပြင်းပြင်းဖြင့် ကြိုးစားသင့်ပေသည်။ မည်သို့သော အကြောင်းတစ်စုံတစ်ခုကြောင့် ချမှတ်ထားသော ဆုံးဖြတ်ချက်၊ သန္နိဋ္ဌာန်တို့ကို အပျက်မခံသင့်ပါ။ မိမိ၏ ရည်မှန်းချက်အောင်မြင်သည်အထိ မဆုတ်မနစ်ကြိုးစားသွားသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆)အလတ်စားစက်ပြင်စက်ရုံ၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ထွန်စက်များကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ ၃၀ရက် နံနက်ပိုင်းက မုံရွာမြို့စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆) အလတ်စားစက်ပြင်စက်ရုံ၌ အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် New Holland အမျိုးအစား အင်ဂျင်ပါဝါ (4010) ရှိ ထွန်စက်အစီး ၃၀ကိုလည်းကောင်း၊ ချင်းတွင်းရတနာဈေး နှစ်ထပ်ဈေးဆောက်လုပ်ရေးစီမံကိန်း၌ နှစ်ထပ်ဈေးဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ မုံရွာမြို့နယ် ကျောက္ကာရွာအနီးရှိ ထန်းဇလုပ်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၃၁ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြခန်းတွင် ပြသထားသော နံရံကပ်ပြဘုတ်များနှင့် လက်ကမ်းပိုစတာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်း သမဝါယမတက္ကသိုလ် ဒီပလိုမာလက်မှတ် အပ်နှင်းပွဲကျင်းပ

စစ်ကိုင်း ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းသမဝါယမတက္ကသိုလ် (၁၄)ကြိမ်မြောက် ဒီပလိုမာ လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက စစ်ကိုင်း သမဝါယမတက္ကသိုလ် မြသရဖီခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တော၊ သတ္တု၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ စစ်ကိုင်းသမဝါယမတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာရီရီဝင်းနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်အပ်နှင်း

ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးဦးသန်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က ပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ကြီး ဒေါက်တာရီရီဝင်းက စီးပွားရေးလုပ်ငန်းစာရင်းကိုင်ဒီပလိုမာ ရရှိသူ ၁၂၂ ဦးနှင့် ရောင်းဝယ်ရေးစီမံခန့်ခွဲမှု ဒီပလိုမာရရှိသူ ၅၁ ဦး၊ စုစုပေါင်း ၁၇၃ ဦးတို့အား တစ်ဦးချင်း ဒီပလိုမာလက်မှတ်အပ်နှင်းလိုက်ကြောင်း သိရှိရသည်။ (၁၇၇)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ သံတွဲမြို့၌ ကျင်းပ

သံတွဲ ဇွန် ၂

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၁ နာရီက သံတွဲမြို့ အလကမြို့မ ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးညီမှုန့်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းသော အလှူငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (ပညာရေး)

မြို့နယ်တရားရုံးသစ် နောင်ချိုတွင်ဖွင့်

နောင်ချို ဇွန် ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြို့နယ်တရားရုံးသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ နောင်ချိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် နောင်ချိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တရားရုံးသစ် ဆိုင်းဘုတ်ကို ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး နောင်ချိုမြို့နယ်တရားသူကြီး ဦးကာလက်က အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တရားရုံးသစ်ဆောက်လုပ်ခြင်းအတွက် စာရွက်စာတမ်းများကို ကျောက်မဲခရိုင် တရားသူကြီး ဒေါ်ခင်မြင့်ရီထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တောင်ငူမြို့နယ်၌ နွေစပါးများ စံကွက်ရိတ်သိမ်း

တောင်ငူ ဇွန် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာတွင် SRI စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော နွေစပါး တစ်ဧကအထွက်နှုန်းမှန်ကို သိရှိနိုင်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက တောင်သူဦးရဲမင်းထွန်း၏ နွေစပါးစိုက်ခင်း၌ကျင်းပရာ တောင်ငူခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်အောင်နှင့် ဝန်ထမ်းများ၊ တောင်ငူ(တက္ကသိုလ်)မှ စိုက်ပျိုးရေး တာဝန်ခံ ဦးတင်မောင်နှင့် သဖန်းပင်ကျေးရွာမှ တောင်သူများ ပါဝင်ရိတ်သိမ်းခဲ့ကြသည်။ စံကွက်တွင် သုခမွှေးစပါးမျိုး တစ်ဧက အစိုအထွက်နှုန်း ၁၁၅ တင်း ထွက်ရှိခဲ့သည်။ (အပေါ်ပုံ)အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ တောင်ငူ (တက္ကသိုလ်) ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ တောင်ငူ(တက္ကသိုလ်)

ငါးသိုင်းချောင်းမြို့၌ သူနာတင်ယာဉ် ပေးအပ်လှူဒါန်း

ရေကြည် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း၌ မေ ၂၄ ရက် နံနက် ၉ နာရီခွဲက မြန်မာပြည်ရှင်ယိဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ကြီး၏ ဦးဆောင်နာယက ဆရာကြီး ဦးမင်းလွင်နှင့် စေတနာရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဟိုက်အေ့စ်အမျိုးအစား (သူနာတင်ယာဉ်) ကားတစ်စီးကို ရွှေမေတ္တာကုသိုလ်ဖြစ် ဆေးခန်းသို့ ပေးအပ်လှူဒါန်းရာ ရွှေမေတ္တာကုသိုလ်ဖြစ်ဆေးခန်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။ မင်းဇော်ဦး(ရေကြည်)

မအူပင်၌ ဘိုးဘွားရိပ်သာတည်ဆောက် ဘိုးဘွားစောင့်ရှောက်မှုလုပ်ငန်းများ လေ့လာ

မအူပင် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် မြေဧရိယာ ၄ ဒသမ ၆၉ ဧကကျယ်ဝန်းသည့် ဘိုးဘွားရိပ်သာတည်ဆောက်နေပြီဖြစ်ရာ မအူပင်မြို့နယ် ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်မာထွေး (မြို့နယ်ဦးစီးအရာရှိ စာရင်းစစ်ရုံး)နှင့် ဒေါ်စန်းစန်းလှိုင်(စာရင်းစစ်မှူး)တို့ ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် မေ ၂၉ ရက် နံနက်က ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ကာ အဘိုးအဘွားတို့အား စောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝ၆၈)

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကြို့ပင်ကောက်မြို့၌ဟောပြော

ကြို့ပင်ကောက် ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးသန်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကြို့ပင်ကောက်မြို့နယ်အတွင်း ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (၁၁၁)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။ မီးသတ်ဦးစီးဌာန

ကုန်သွယ်မှုကဏ္ဍကို နိုင်ငံတကာနှင့်ကိုက်ညီရန် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးလျက်ရှိ လုပ်ငန်းရှင်များအပိုင်းကလည်း မူဘောင်အတွင်းမှ ဆောင်ရွက်သွားကြရန်လိုအပ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်သည်လုပ်ငန်းရှင်များ၊ ပဲနှင့် နှမ်းကုန်သည်များ၊ ကုန်စည်ဒိုင်လုပ်ငန်းရှင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အောက်ရှိ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂

ယနေ့တွေ့ဆုံရခြင်းမှာ ဝန်ကြီးဌာန၏ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ချပြခြင်းဖြစ်သကဲ့သို့ လုပ်ငန်းရှင်များ၏ တွေ့ကြုံနေရသော အခက်အခဲများကို တင်ပြနိုင်ကြရန်ဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်နှင့် ဆောင်ရွက်နေသည့်အပြင် ကုန်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို အခြားဝန်ကြီးဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲရှိ အစည်းအဝေးခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သော ကုန်သည်လုပ်ငန်းရှင်များ၊ ပဲနှင့် နှမ်းကုန်သည်များ၊ ကုန်စည်ဒိုင်လုပ်ငန်းရှင်များ၊ အသင်းချုပ်အောက်ရှိ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍကို နိုင်ငံတကာနှင့် ကိုက်ညီစေရန် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးလျက်ရှိပြီး ပို့ကုန်၊သွင်းကုန်လိုင်စင်များ လျှောက်ထားရာတွင် ကုန်ကျစရိတ်များ လျှော့ချနိုင်ရန်နှင့် နိုင်ငံတကာနှင့် လိုက်လျောညီထွေရှိစေရန် Automatic Licencing System ကို ကုန်စည်အချို့အတွက် စတင်ကျင့်သုံး ဆောင်ရွက်တော့မည် ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဖြေလျှော့မှုများ ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များအပိုင်းကလည်း မူဘောင်အတွင်းမှ ဆောင်ရွက်သွားကြရေးနှင့် သတ်မှတ်အခွန်အခများကို မှန်မှန်ကန်ကန်ပေးဆောင်ကြရန် လိုကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြှင့်တင်နိုင်ရန် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များ ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များ အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်ရှိသည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြပြီး လုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်များကိုယ်စား မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းနှင့် ကုန်စည်ဒိုင်ဥက္ကဋ္ဌတို့က အသင်းအလိုက် လက်ရှိအခြေအနေများကို တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ***ရှေ့ဖုံးမှ***

မထသ - ကျွန်တော်တို့ မထသ(ဗဟို)ကို ယာဉ်အသစ်ကြီးတွေ ဖြည့်စွက်ပြေးဆွဲဖို့ ကမ်းလှမ်းလာတဲ့ ယာဉ်ပိုင်ရှင်တွေရှိပါတယ်။ အခုလည်း ပြည်တွင်းမှာလိုင်းကားအဖြစ်ပြေးဆွဲနိုင်တဲ့ ယာဉ်ကြီးတွေလည်း အစီး ၅၀ ကျော် အသင့်ရှိနေပါတယ်။ သက်ဆိုင်ရာဌာနတွေက CNG ရမယ်ဆိုရင် လိုင်းကားတွေ အများကြီး တိုးမြှင့်ပြေးဆွဲပေးဖို့ အစီအစဉ်ရှိပါတယ်။

မီဒီယာ *- CNG ရဖို့ အထက်အဖွဲ့အစည်းကို တင်ပြထားတယ်လို့ သိရပါတယ်။ ဘယ်လောက်များ ကြာပါပြီလဲ။ ဘယ်လိုအခက်အခဲများရှိနေပါသလဲ။*

မထသ - CNG ရဖို့တင်ပြထားတာ လအတော်ကြာပါပြီ။ သူတို့ဘက်ကလည်း အခက်အခဲတွေရှိနေတာကြောင့် အဆင်မပြေသေးဘူး ဖြစ်နေပါတယ်။ နောက်ပြီး တစ်ချက်က အရင်ယာဉ်ဟောင်း CNG အိုးတွေက လီတာ ၂၀၀ သာဆံ့ပြီး အခုယာဉ်အသစ်တွေရဲ့ CNG အိုးတွေက လီတာ ၈၀၀ဆံ့ ဖြစ်နေတာကြောင့်ပါ။ ဒါကလည်း ညှိနှိုင်းဆဲဖြစ်ပါတယ်။

မီဒီယာ *- အခုဆို မိုးကျလာပါပြီ။ အချို့လိုင်းကားတွေက အပေါ်က မိုးမလုံတာကြောင့် မိုးယိုသလို အချို့လိုင်းကားတွေက ဘေးတံခါး မပြည့်စုံတဲ့အတွက် မိုးပက်တာကို ခံနေကြရပါတယ်။ အဲဒီလို မိုးယိုပက်ကားတွေကို ပြင်ဖို့ညွှန်ကြားထားမှု ရှိ မရှိ သိလိုပါတယ်။*

ဇွန် ၂ ရက် ညနေ ၄ နာရီကျော်က အနော်ရထာလမ်းမကြီးပေါ် လမ်း ၃၀ မှတ်တိုင်၌ ဘေးတံခါးကြီး နှစ်ချပ် လုံးဝမပါသော မထသခရီးသည်တင် ယာဉ်တစ်စီးကို ဤသို့ တွေ့ရသည်။

မထသ - ဒီအတွက် ညွှန်ကြားချက်က အရင်ကတည်းက ရှိပြီးသားပါ။ ကားများ ကြံ့ခိုင်မှုအပြင် အမိုးနဲ့ ဘေးတံခါးတွေကို မိုးမကျခင် ပြင်ဆင်ထားဖို့၊ မိုးရာသီမှာ ကားတွေစလစ်ဖြစ်တတ်တဲ့အတွက် တာယာပန်းမရှိတဲ့ လိုင်းကားတွေကိုလည်း တာယာတွေလဲဖို့ ညွှန်ကြားထားပါတယ်။

မီဒီယာ *- အခုနောက်ပိုင်း ယာဉ်ငယ်လိုင်းကားတွေနဲ့ အချို့သောယာဉ်လိုင်းကားကြီးတွေမှာ ခရီးစဉ်ပိုင်းဖြတ်ကောက်ခံမှုယာဉ်စီးခနှုန်းဇယားတွေ တပ်ထားခြင်းမရှိတဲ့အတွက် ခရီးသည်နဲ့ ယာဉ်နောက်လိုက်တွေ မကြာခဏ ပြဿနာဖြစ်ဖြစ်နေတာကို တွေ့မြင်ကြားသိနေရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး စီစဉ်ထားမှုတွေကို သိပါရစေ။*

မထသ - ယာဉ်လိုင်းကားအားလုံးကို ဒီလိုခရီးစဉ် ပိုင်းဖြတ်ကောက်ခံမှုနှုန်းထားစာရွက်တွေ ကပ်ဖို့ညွှန်ကြားချက်တွေက ရှိပြီးသားပါ။ ခရီးသည်က ထိုင်လို့ပဲဖြစ်ဖြစ်၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးလို့တွေ့ရင်ပဲဖြစ်ဖြစ် တိကျတဲ့ အရေးယူမှုများနဲ့ ဆောင်ရွက်နေပါတယ်။

မီဒီယာ *- နေ့စဉ်ထုတ်သတင်းစာတွေနဲ့ ဂျာနယ်အချို့မှာ ဖော်ပြရေးသားမှုတွေ ရှိခဲ့ပါတယ်။ မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံအနီး (ပြည်လမ်းမှ ဗားကရာလမ်းမကြီးသို့ ကွေ့ကြော) သတ်မှတ် မှတ်တိုင်မဟုတ်တဲ့နေရာမှာ လိုင်းကားတွေက ကျောက်ချပြီး လူတင်လူချလူခေါ်နေတာ၊ ကွေ့ကြောကလာတဲ့ကားတွေအပြင် အဆင်းအတက်ပြုလုပ်တဲ့ ခရီးသည်တွေပါ အန္တရာယ်ရှိတဲ့အကြောင်း တင်ပြကြပေမယ့် အခုချိန်အထိ မပြောင်းမလဲ ရှိနေတာတွေ့ရပါတယ်။ အဲဒါ ဘယ်လိုအခက်အခဲများကြောင့်လဲလို့ သိပါရစေ။*

မထသ - သက်ဆိုင်ရာကလည်း သတ်မှတ်နေရာမှာ အမိုးပါတဲ့ Bus Stand တစ်ခုတည်ဆောက်ထားပေးပါပြီ။ ဒါပေမယ့် ခရီးသည်တွေကိုယ်တိုင်က ရွှေမန်းရုပ်ရှင်ရုံအနီး ဗာဒံပင်အောက်မှာပဲကားစောင့်နေကြတုန်းပါ။ ဒါဟာ နှစ်ဦးနှစ်ဖက် စည်းကမ်းနဲ့အညီဆောင်ရွက်ကြဖို့ လိုပါတယ်။ ခရီးသည်တွေအနေနဲ့ကလည်း အရိပ်ရှိပြီးသားဖြစ်တဲ့ သတ်မှတ် မှတ်တိုင်ကနေ ကားစောင့်ဖို့ လိုသလို၊ လိုင်းကားများကလည်း သတ်မှတ် မှတ်တိုင်မှာ အတိအကျရပ်ဖို့ လိုပါတယ်။

မီဒီယာ *- အခုလိုဖြေကြားပေးတဲ့ မထသ (ဗဟို)က တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ။*

အာနန္ဒာဘုရားကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား အိန္ဒိယနိုင်ငံ (ASI)အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ၂၀၁၀ပြည့်နှစ် ဇူလိုင် ၂၇ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့အကြား လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ ပုဂံသို့ရောက်ရှိနေသော အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) အဖွဲ့မှ ပညာရှင်ငါးဦးပါအဖွဲ့သည် ၂၀၁၂ ခုနှစ် မေ ၇ ရက်မှ ၂၇ ရက်အထိ အာနန္ဒာဘုရားကြီးရှိ တောင်ဘက်အာရုံခံ စောင်းတန်း ဘေးဝဲ/ယာရှိ ပျက်စီးနေသော Apron ကြမ်းခင်းအား ထုံးကွန်ကရစ်ဖြင့် ပြန်ခင်းခြင်း၊ အရှေ့ဘက်အာရုံခံ တောင်ဘက်အလယ်မုခ်ခုံးရှိ နံရံဆေးရေးပန်းချီပေါ်တွင် ဖုံးအုပ်နေသော ထုံးသားလွှာများကို ဓာတုဗေဒနည်းစနစ်ဖြင့် ခွာထုတ်ခြင်း၊ Coating ပြုလုပ်ခြင်း၊ အရှေ့ဘက်အာရုံခံရှိ နံရံဆေးရေးပန်းချီရှိသော မျက်နှာပြင်ရှိအပေါက်များ၊ အက်ကွဲကြောင်းများအား ဓာတုဗေဒနည်းစနစ်ဖြင့် ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ASI အဖွဲ့သည် လာမည့်စက်တင်ဘာလတွင် Structure ပိုင်းအနေဖြင့် မိုးလျှောများပြုပြင်ခြင်း၊ ဘုရားတစ်ပတ်လည်ရှိ ရင်ပြင်ကျောက်ပြားများ ပြန်ခင်းခြင်း၊ လိုဏ်ပတ်လမ်းအတွင်း ကြမ်းခင်းကို ပြန်လည်ပြုပြင်ခြင်း၊ အနုလက်ရာ ထိန်းသိမ်းခြင်းအနေဖြင့် နံရံဆေးရေးပန်းချီရှိသော မျက်နှာပြင်ကို သန့်စင်ထိန်းသိမ်းခြင်း၊ အင်္ဂတေပန်းများ၊ ကျောက်ဆစ်လက်ရာများ၊ စဉ့်ကွင်းများအား သန့်စင်ထိန်းသိမ်းခြင်း၊ သစ်သားထည်များအား သန့်စင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိအားကစားရွာအတွင်း တည်ဆောက်ပြီးစီးနေသည့် အားကစားသမားများ နေထိုင်ရန် (၄)ခန်းတွဲ (၂)ထပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး အားကစားရွာ အဝင်လမ်းမကြီးနှင့် လမ်းသွယ်များ အမြန်ဆုံးပြီးစီးရေး၊ အခန်းတိုင်းရှိ ပြတင်းပေါက်တံခါးများကို စိတ်ချလုံခြုံရန် စီစဉ်ဆောင်ရွက်ရေး၊ ပရိဘောဂအသုံးအဆောင်များ ထည့်သွင်း နေရာချထားရေး၊ လေအေးပေးစက်များ တပ်ဆင်ပေးရေးနှင့် အဆိုပါလုပ်ငန်းများ အမြန်ဆုံးပြီးစီးပါက ရွှေကြာပင်စခန်းရှိ အားကစားသမားများအား ရွှေ့ပြောင်းထားရှိနိုင်ရေး လုပ်ငန်းစဉ်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဘဝအမောပြေ

မှတ်ဉာဏ်

အာကာဟိန်း ရေးသည်

အသက်အရွယ်ကြီးရင့်သည့် ဇနီးမောင်နှံစုံတွဲသည် မှတ်ဉာဏ်များ ချို့ယွင်းလာသဖြင့် မှတ်ဉာဏ်ပြန်ကောင်းရန် သင်ကြားလေ့ကျင့်ပေးသော သင်တန်းတစ်ခုသို့ သွားတက်လေသည်။ သုံးလခန့်အကြာတွင် အိမ်နီးချင်းအမျိုးသားကြီးတစ်ဦးက သင်တန်းတက်နေသည့် အမျိုးသားကြီးကို တွေ့၍ မေးလေသည်။

အိမ်နီးချင်း - **ဟိုင်း·······မတွေ့တာကြာပြီ။**
အမျိုးသားကြီး - ဟုတ်ကဲ့။
အိမ်နီးချင်း - **သင်တန်းတက်နေတယ်ဆို··။**
အမျိုးသားကြီး - ဟုတ်ပါတယ်။
အိမ်နီးချင်း - **မှတ်ဉာဏ် တိုးတက်မှုရှိရဲ့လား။**
အမျိုးသားကြီး - အများကြီးတိုးတက်ပါတယ်။
အိမ်နီးချင်း - **ဒါဆို ကျွန်တော်လည်း စိတ်ဝင်စားတယ်။ အဲဒီသင်တန်းကျောင်းအမည်ဘယ်လိုခေါ်လဲ···။**
အမျိုးသားကြီး - အိမ်ဘက်သို့ ရုတ်တရက်လှည့်ကာ. . . မိန်းမရေ. . ဒို့သင်တန်းကျောင်းအမည် ဘယ်လိုခေါ်လဲ။
ဇနီးဖြစ်သူ - ရှင့်အနားက မိတ်ဆွေကို မေးကြည့်လိုက်လေ။
အိမ်နီးချင်း - **"ဟောဗျာ"။**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၆-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ကျန်းမာဖို့အတူကစားစို့
၇:၃၀ နံနက်ခင်းသတင်း
၈:၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ

နေ့လယ်ပိုင်း

၁၁:၂၅ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၃:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **ယောရောရှိ** နေတိုး၊ သက်မွန်မြင့်၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)

ညပိုင်း

၄:၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စိတ်ပညာ အထူးပြု) (စိတ်ပညာ)
၆:၀၀ ညနေခင်းသတင်း
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း ၄၂)
၆:၄၀ တစ်မျက်နှာ တစ်ကွက်စာ **အတိတ်ကျွန်** ဟန်ထက်စော၊ ချမ်းမီမီကို [ဒါရိုက်တာ- မေတင် (MMG)]
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

ပေးအပ်လှူဒါန်း

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ထာဝရအထွေထွေ ငွေပဒေသာပင်အတွက် **Choong Kow Chye, Malaysia** က အလှူငွေကျပ် ၁၀သိန်းကို ဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

အီတလီအနောက်ပိုင်းကမ်းလွန်၌ ပနားမားကုန်သင်္ဘောသောင်တင်

ရောမ ဇွန် ၂

အီတလီနိုင်ငံအနောက်ပိုင်းကမ်းလွန်တွင် ပနားမားကုန်တင်သင်္ဘောတစ်စင်း ဇွန် ၁ ရက်က သောင်တင်မှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း အီတလီအရာရှိများက ဇွန် ၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဖြစ်ပွားခဲ့

မာဆာ-၂ အမည်ရှိ ၎င်းကုန်တင်သင်္ဘော **(အပေါ်ပုံ)** သည် အရှည်မီတာ ၉၀ ရှိပြီး သင်္ဘောသား ၁၂ ဦးနှင့်အတူ သံချောင်းများတန်ချိန် ၃၀၀၀ ကို တင်ဆောင်မောင်းနှင်လာစဉ် သောင်တင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောမှာ အီတလီနိုင်ငံအနောက်ပိုင်းကမ်းလွန် အီလ်ဘတ်ကျွန်းအနီး၌ သောင်တင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါအီလ်ဘတ်ကျွန်း၏ အစိတ်အပိုင်းကျွန်းငယ်တစ်ခုဖြစ်သော ဂီဂါလီရိုကျွန်းအနီးတွင် ပြီးခဲ့သည့် ဇန်နဝါရီလက အပျော်စီးသင်္ဘောကြီး ဟော်စတာကွန်ကော်ဒီရာ သောင်တင်မှုဖြစ်ပွားပြီး ခရီးသည် ၃၀ ခန့်သေဆုံးခဲ့သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ထိုသို့ ပနားမားသင်္ဘောသောင်တင်မှုဖြစ်ပွားခဲ့သဖြင့် သင်္ဘောကိုယ်ထည် သုံးမီတာခန့်ပျက်စီးခဲ့ပြီး ရေယိုစိမ့်မှုဖြစ်ပွားလျက်ရှိသည်။ သို့သော် ၎င်းသင်္ဘောမှ လောင်စာဆီယိုဖိတ်မှုမဖြစ်ပေါ်ခဲ့ကြောင်း အီတလီအရာရှိများက ပြောကြားသည်။ ပနားမားကုန်တင်သင်္ဘောမှ သင်္ဘောသား ၁၂ ဦးစလုံးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သင်္ဘောကပ္ပတိန်၏အမှားကြောင့် ဖြစ်ကြောင်းသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပစိဖိတ်သမုဒ္ဒရာရေပြင်တွင် အမေရိကန်ရေတပ်သင်္ဘောများ တိုးမြှင့်ဖြန့်ချမည်

စင်ကာပူ ဇွန် ၂

အမေရိကန်နိုင်ငံက ပစိဖိတ်သမုဒ္ဒရာအတွင်း လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ရေတပ်အင်အားကို တိုးမြှင့်ချထားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အကြီးအကဲ လီယွန်ပါနက်တာက ဇွန် ၂ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် အာရှဒေသနှင့် ပတ်သက်သည့် မဟာဗျူဟာသစ်တစ်ရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း စင်ကာပူနိုင်ငံ၌ ဇွန် ၂ ရက် နံနက်က ကျင်းပသည့် ထိပ်သီးအစည်းအဝေးတစ်ရပ်တွင် ၎င်းက ပြောကြားခြင်းဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာရေပြင်သို့ စစ်ရေယာဉ်များ၊ လေယာဉ်တင်သင်္ဘောများ တိုးမြှင့်ဖြန့်ချရန် ဆုံးဖြတ်ခြင်းမှာ အာရှဒေသအတွင်း စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကွန်ရက် တိုးမြှင့်ဖော်ဆောင်ခြင်းဖြစ်သည်ဟု ပါနက်တာက ပြောကြားသည်။

အမေရိကန်တို့က ပစိဖိတ်သမုဒ္ဒရာရေပြင်၌ ဖြန့်ချမည့်ရေယာဉ်များတွင် လေယာဉ်တင်သင်္ဘောကြီးခြောက်စင်းအပါအဝင် တိုက်ရေယာဉ်များ၊ ဖျက်သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့် ကမ်းကပ်စစ်သင်္ဘောများပါဝင်သည်။ အမေရိကန်ရေတပ်က ပစိဖိတ်သမုဒ္ဒရာတွင် လောလောဆယ် စစ်ရေယာဉ် ၂၈၅ စင်း ဖြန့်ချထားသည်။ ထို့ကြောင့် စစ်ရေယာဉ်တိုးမြှင့်ချထားရန် အမေရိကန်က စီစဉ်နေခြင်းဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

တရုတ်အလယ်ပိုင်းရေလွှမ်းမှု ပြည်သူ ၅၀၀၀ ကျော် ရွှေ့ပြောင်းပေးရ

ချန်ရှာ ဇွန် ၂

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မေ ၂၉ ရက်မှစတင်ကာ မိုးမုန်တိုင်းကျရောက်သဖြင့် ပြည်သူ ၅၀၀၀ ကျော်တို့ကို နေရာရွှေ့ပြောင်းချပေးရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇွန် ၁ ရက်တွင် ပြောကြားသည်။

မြို့ပေါင်း ၃၉ မြို့မှ ပြည်သူ ၄၉၀၀ တို့ကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးရပြီး နေ့စဉ် မိုးရွာသွန်းမှုမှာ ၁၃၆ ဒသမ ၆ မီလီမီတာရှိကြောင်း သိရသည်။ **(ဝဲပုံ)** ချင်ကျောင်းမြို့တွင် နေအိမ် ၅၄လုံး ပြိုကျသဖြင့် လူ ၁၈၀ တို့ကို ရွှေ့ပြောင်းပေးရသည်။ မြို့ ၂၅ မြို့မှ ပြည်သူ ၇၆၄၀ တို့ ရေဘေးကြုံရပြီး လယ်ယာမြေ ၅၀၅ ဟက်တာခန့် ရေနစ်မြုပ်ခဲ့သည်။

ဆောင်ရွက်ပေး

တရုတ်နိုင်ငံနေရာဒေသအများအပြားတွင် မိုးသည်းထန်စွာဆက်လက်ရွာသွန်းနိုင်ကြောင်း၊ ထိုသို့ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်ကာ ဒေသခံများရေဘေးကြုံတွေ့ရနိုင်သောကြောင့် ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အိန္ဒိယမြောက်ပိုင်းရထားတွဲများလမ်းချော် ငါးဦးသေဆုံး၊ ၅၀ ဒဏ်ရာရ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် လူစီးရထားတွဲလမ်းချော်ပြီး တိမ်းမှောက်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ဇွန် ၁ ရက်တွင် ပြောကြားသည်။

*အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့မှ နိုင်ငံမြောက်ပိုင်း ဒီရာဒွန်မြို့သို့ ခုတ်မောင်းနေသည့် အမြန်လူစီးရထားမှ တွဲငါးတွဲသည် မေ ၃၁ ရက် ညနေပိုင်းက ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂျာအန်ပူခရိုင်မာရာဝါဘူတာအနီးတွင် လမ်းချော်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲမှူးကြီး အကပ်ကူဟာရီက ပြောကြားသည်။ **(အပေါ်ပုံ)***

ပြည်နယ်မြို့တော်လပ်ကနိုးနှင့် အနီးရှိဗာရာဏသီမြို့တို့မှ ကယ်ဆယ်ရေးလုပ်သားများ အခင်းဖြစ်နေရာသို့ အမြန်သွားရောက်ခဲ့ကြကြောင်း၊ မည်သည့်အတွက်ကြောင့် ရထားတွဲများ တိမ်းမှောက်သည်ကိုမူ မသိရသေးကြောင်း၊ ဒဏ်ရာရသူများအား အနီးရှိဆေးရုံသို့ တင်ပို့ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တူရကီအရှေ့ပိုင်း၌ လမ်းအလုပ်သမားလေးဦးပြန်ပေးဆွဲခံရ

တူရကီနိုင်ငံအရှေ့ပိုင်း တန်ဆယ်ပြည်နယ်တွင် ဇွန် ၁ ရက်က တရားမဝင် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)က လူလေးဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ဒေသတွင်းတူဒေးဇာမင်းန် သတင်းစာက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ ပြန်ပေးဆွဲသွားခြင်းသည် ယခုသီတင်းပတ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး ပြီးခဲ့သည့် မေ ၂၉ ရက်ကလည်း နိုင်ငံအရှေ့ပိုင်း အစ်ဒီရ်ပြည်နယ်တွင် ယင်းအဖွဲ့က လူ ၁၀ ဦးအား ပြန်ပေးဆွဲသွားခဲ့သည်။ ပီကေကေအဖွဲ့သည် တန်ဆယ်ပြည်နယ်ရှိ ယူဇန်တာလာကျေးရွာတွင် လမ်းအလုပ်သမားငါးဦးအား တင်ဆောင်လာသော ယာဉ်တစ်စီးကို ရပ်ခိုင်းပြီးနောက် ၎င်းတို့အနက်မှ လေးဦးကို ဖမ်းဆီးသွားပြီး ကားကိုမီးရှို့ပစ်ခဲ့ကြောင်း အဆိုပါပြည်နယ်၏ ဒုတိယအုပ်ချုပ်ရေးမှူး အလီဂူဒိုဂန်က ပြောကြားသည်။ ၎င်းလမ်း အလုပ်သမားများ ပြန်လည်လွတ်မြောက်ရန်အတွက် ပီကေကေအဖွဲ့ရှိရာ ဒေသသို့ သွားရောက်ကာ ကယ်ဆယ်ရေးများ စတင်ဆောင်ရွက်လျက်ရှိကြောင်း အလီဂူဒိုဂန်က ပြောကြားသည်။

(အင်တာနက်)

ယီမင်တောင်ပိုင်းလေကြောင်းတိုက်ခိုက်မှု အယ်လ်ခိုင်ဒါလက်နက်ကိုင် ၁၂ ဦးသေဆုံး

အေဒင် ဇွန် ၂

ယီမင်နိုင်ငံတောင်ပိုင်းတွင် ဇွန် ၁ ရက်က အက်ဘယန်ပြည်နယ်မှ အကြမ်းဖက်သမားများ နေထိုင်ရာခြံဝင်းကို အမေရိကန်မောင်းသူမဲ့လေယာဉ် **(ယာပုံ)**က တိုက်ခိုက်သဖြင့် အယ်လ်ခိုင်ဒါ ၁၂ ဦးသေဆုံးခဲ့ကြောင်း အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

အက်ဘယန်ပြည်နယ် မာဖက်မြို့အရှေ့ပိုင်း အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ ဆက်သွယ်ရေးနှင့်အစည်းအဝေးကျင်းပရာခြံဝင်းကို အမေရိကန်မောင်းသူမဲ့ လေယာဉ်က ဒုံးကျည်ဖြင့် သုံးကြိမ်ပစ်သဖြင့် လက်နက်ကိုင် ၁၂ ဦးပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ သေဆုံးသည့် လက်နက်ကိုင်များတွင် ဆိုမာလီလက်နက်ကိုင်သုံးဦးနှင့် အခြားနိုင်ငံများမှ လာရောက်သည့် လက်နက်ကိုင်များပါဝင်ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်စီးနင်းတိုက်ခိုက်မှု၌ ဖမ်းဆီးခံရသည့်ဓားစားခံလေးဦး နေတိုးတပ်ဖွဲ့ဝင်များကယ်ထုတ်

ကဘူးလ် ဇွန် ၂

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ အကြမ်းဖက်သမားများအား ဇွန် ၂ ရက် နံနက်စောစောပိုင်းက စီးနင်းတိုက်ခိုက်ပြီးနောက် - ၎င်းတို့ဖမ်းဆီးပြန်ပေးဆွဲထားသူ နိုင်ငံခြားသားထောက်ပံ့ရေးလုပ်သားနှစ်ဦးနှင့် အာဖဂန်ထောက်ပံ့ရေးလုပ်သားနှစ်ဦးတို့ကို ကယ်ဆယ်နိုင်ကြောင်း နေတိုးအဖွဲ့က ကြေညာသည်။

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် မီနိုင်ယာ အင်န်ဂျီအိုအဖွဲ့တွင် အလုပ်လုပ်ကိုင်ကြသည့် ထောက်ပံ့ရေးလုပ်သားလေးဦးအား ဘာဒါရှန်ပြည်နယ်အတွင်း မေ ၂၂ ရက်က အကြမ်းဖက်သမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန အကူအညီဖြင့် နေတိုးတပ်ဖွဲ့ဝင်များက ဇွန် ၂ ရက်တွင် ဓားစားခံများအား ကယ်ဆယ်ရေးလုပ်ငန်းစတင်ခြင်းဖြစ်ကြောင်း နေတိုးအဖွဲ့၏ အာဖဂန်ဆိုင်ရာတပ်မှူး ဗိုလ်မှူးကြီး ဂျွန်အယ်လင်က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

ဝါရှင်တန် ဇွန် ၂

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အနီးဝန်းကျင်ဒေသနှင့် ဘော်လ်တီမိုးဒေသတို့တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာန၏ မုန်တိုင်းဆိုင်ရာဌာနခွဲက ဇွန် ၂ ရက်တွင် သတိပေးချက်ထုတ်ပြန်သည်။

အဆိုပါဒေသများတွင် လေဆင်နှာမောင်းဒဏ်ကြောင့် မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ပြီး နေအိမ်များပျက်စီးနိုင်ကြောင်း ယင်းသတိပေးချက်၌ ဖော်ပြထားသည်။ ၎င်းလေဆင်နှာမောင်းသည် ဝါရှင်တန်မြို့အနီးဝန်းကျင်ဒေသများကို အဓိက ဖြတ်သန်းတိုက်ခတ်သွားနိုင်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

ထို့ကြောင့် ဝါရှင်တန်မြို့အနီး ဒါးလက်စ်နိုင်ငံတကာလေဆိပ်၊ ဘော်လ်တီမိုး နိုင်ငံတကာလေဆိပ်တို့အပါအဝင် လေဆိပ်အချို့ကို လေယာဉ်အဝင်အထွက်များ ရပ်ဆိုင်းထားသည်။

ယင်းလေဆိပ်များတွင် လေယာဉ်စီးခရီးသည်များ ခရီးသွားလာမှုနှောင့်နှေးကြန့်ကြာလျက်ရှိသည်။ လေဆင်နှာမောင်းကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း စသည်တို့ အဆိုပါနေရာဒေသများတွင် ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

တိုး ➤ ရေးသားသည်

ယူရိုဇုန်နိုင်ငံများ၏ ကြီးထွားလာသော ကြွေးမြီပြဿနာ

ယူရိုဇုန်၏ လက်ရှိဖွဲ့စည်းမှုကို ဆက်ထိန်းမထားနိုင်တော့သည့်အတွက် ယူရိုဇုန်ခေါင်းဆောင်များအနေဖြင့် အနာဂတ်ရပ်တည်ရေးအတွက် ပြတ်ပြတ်သားသား ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဥရောပဗဟိုဘဏ်(အီးစီဘီ)ဥက္ကဋ္ဌ မာရီယိုဒရက်ဂီ(အောက်ဝဲပုံ)**က ဥရောပပါလီမန်တွင် ပြောကြားလိုက်သည်။**

ဖွံ့ဖြိုးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့နှင့်ပတ်သက်၍ ၎င်းနိုင်ငံအစိုးရများ ဖန်တီးသည့်ဟာကွက်များကိုလည်း အီးစီဘီအနေဖြင့် လိုက်ဖြည့်ဆည်း မပေးနိုင်တော့ကြောင်း မစ္စတာ ဒရက်ဂီက ထည့်သွင်းပြောဆိုသည်။

ရဲရဲရင့်ရင့်ဆောင်ရွက်

ယူရိုဇုန်အခြေအနေနှင့်ပတ်သက်၍ ဥရောပဗဟိုဘဏ်(အီးစီဘီ)ဥက္ကဋ္ဌ ဒရက်ဂီက ယခုမှ ယင်းသို့ ပြောကြားသည် မဟုတ်၊ မေ ၂၄ ရက် ရောမမြို့ စပင်ဇာတက္ကသိုလ် ကျောင်းသားများကို မိန့်ခွန်းပြောရာတွင်လည်း "ယခုအခါ အီးယူအနေဖြင့် သမိုင်းတွင် ခက်ခဲသည့်အခါသမယကို ဖြတ်သန်းနေရချိန်ဖြစ်ကြောင်း၊ ဥရောပခေါင်းဆောင်များအနေဖြင့် ပိုမိုဆိုးရွားလာသည့် ကြွေးမြီအကျပ်အတည်းကို ကိုင်တွယ်ရာတွင် ရဲရဲရင့်ရင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း"၎င်းက တိုက်တွန်းလိုက်သည်။

ဆွေးနွေး

"ဥရောပသမဂ္ဂ(အီးယူ)၏ အားနည်းချက်ကို ကြွေးမြီအကျပ်အတည်းက ပြသနေကြောင်း" ဥရောပဗဟိုဘဏ် ဥက္ကဋ္ဌက ထောက်ပြလိုက်သည်။ ယင်းသို့ ထောက်ပြချိန်မှာ ဘရပ်ဆယ်၌ ဥရောပ ခေါင်းဆောင်များ အစည်းအဝေးအပြီး နောက်တစ်ရက်တွင်ဖြစ်သည်။ ဘရပ်ဆယ် အစည်းအဝေးတွင် ငွေကြေး အကျပ်အတည်းကို မည်သို့ တားဆီးမည်ဆိုသည်ကိုဆွေးနွေးကြသည့်အပြင် အကယ်၍ ယူရိုဇုန်မှ ဂရိနိုင်ငံ ထွက်သွားလျှင် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက မည်သို့ စီစဉ်ရမည်ကို ဥရောပခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်ရေး

၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သုံးစွဲသည့် ယူရိုငွေကို သုံးသည့်နိုင်ငံများ၌ ကြွေးမြီကြောင့် ခြိုးခြံချွေတာရကာ အများပြည်သူတို့ သဘောမတွေ့ ဖြစ်နေကြသည်။ ဂရိနိုင်ငံ၌ ရွေးကောက်ပွဲ အနိုင်ရပါတီများ အစိုးရမဖွဲ့နိုင်သဖြင့် ဤဇွန်လအတွင်း ရွေးကောက်ပွဲ ထပ်မံပြုလုပ်ရမည့်ကိစ္စနှင့် ပြင်သစ်သမ္မတသစ် ဖရန်ဆွာဟောလန်ဒီက ခြိုးခြံချွေတာရေး နည်းလမ်းတစ်ခုတည်းအစား ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး အစီအစဉ် ကျင့်သုံးရေး တစ်မူထူးကာ ဖောင်းပေးလာမှုတို့က ယူရိုဇုန်အတွင်း အသံပိုမြည်လာခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ဤအချိန်တွင် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ် ယူရိုဇုန်ခေါင်းဆောင်များအနေဖြင့် အဖွဲ့ကြီးပြိုကွဲမသွားရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)စီးပွားရေးမဟာမင်းကြီး အိုလီရင်းက သတိပေးလိုက်သည်။

ယူရိုဇုန်ပြိုကွဲပျက်စီးခြင်းနှင့် စီးပွားရေးကပ်တို့မှ ရှောင်ရှားနိုင်ရန်မှာ ပိုမိုခြိုးခြံချွေတာရေး လုပ်ငန်းများကို ဥရောပခေါင်းဆောင်များက ထိန်းမတ်ပေးရမည်ဖြစ်ကြောင်း မစ္စတာအိုလီရင်းက သတိပေးလိုက်သည်။

စပိန်နိုင်ငံက စီးပွားရေး အကြီးအကျယ်ကျဆင်းပြီး ဂရိနိုင်ငံက ယူရိုဇုန်မှ ထွက်ရတော့မလို ဖြစ်နေချိန်တွင် အီးယူစီးပွားရေး မဟာမင်းကြီး အိုလီရင်းက "ဘတ်ဂျက်ကျစ်လျစ်ခိုင်မာရေးအတွက် ပြုပြင်ပြောင်းလဲမှုနှင့် အချို့သော ပြည်သူ့ရေးရာ ရင်းနှီးမြှုပ်နှံမှုများမှာ အဓိကကျကြောင်း၊ အခြားနည်းလမ်း မရှိကြောင်း" ပြောကြားခဲ့သည်။

လူကြိုက်နည်းသည့် ခြိုးခြံချွေတာရေးနှင့် ပြုပြင်ပြောင်းလဲမှုက ဥရောပနိုင်ငံသားများအပေါ် ရိုက်ခတ်ခြင်းထက် ကြွေးမြီဆပ်ရန်ပျက်ကွက်မှု သို့မဟုတ် ယူရိုဇုန်ပြိုကွဲမှုက ဥရောပနိုင်ငံသားများအပေါ် ပိုမိုကြီးလေးစွာ ရိုက်ခတ်နာကျင်စေမည့်အပြင် ဥရောပနှင့်တကွ ကမ္ဘာတစ်ဝန်းကိုပါ ဆိုးရွားသော စီးပွားရေး ကပ်ဆိုက်ရောက်သွားစေနိုင်ကြောင်း ၎င်းက သတိပေးလိုက်သည်။

ထိုသို့ မကြုံတွေ့စေရန် ယခုအခါ ဖြေဆေးရှိသေးကြောင်း၊ ပထမအချက်မှာ ဘဏ္ဍာငွေကြေး ကျစ်လျစ်ခိုင်မာရေး လမ်းစဉ်ကို ဆက်လက်ကျင့်သုံးရန်၊ ဒုတိယအချက်မှာ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြုပြင်မှုများ ပြုလုပ်ရန်နှင့် တတိယအချက်မှာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းရောက်ရန် အစိုးရနှင့် ပုဂ္ဂလိကနှစ်ပိုင်းစလုံး၌ ပိုမို ရင်းနှီးမြှုပ်နှံရန်တို့ဖြစ်ကြောင်း မစ္စတာအိုလီရင်းက ရှင်းလင်းပြောဆိုသည်။

ဆွေးနွေး

ဥရောပ ပါလီမန်တွင် ယူရိုဇုန် လက်ရှိ ဖွဲ့စည်းမှုနှင့်ပတ်သက်ပြီး ဆွေးနွေးကြစဉ်။

ပိုင်းခြားကူညီ

တကယ်တော့ဘတ်ဂျက်လိုငွေပြနေသည့် အီးယူနိုင်ငံများအတွက် အီးယူ၏ ငွေကြေးဆိုင်ရာ သဘောတူညီချက်က တင်းကျပ်သည့် စည်းမျဉ်း စည်းကမ်း ဘောင်အတွင်း ရောက်ရှိနေသည်။ တစ်ဖက်တွင်လည်း ငွေကြေးလိုအပ်သည့် နိုင်ငံများကို ပိုင်းခြားကူညီပေးထားသည်။

အီးယူ၏ ငွေကြေးဆိုင်ရာသဘောတူညီချက်ကို ယူရိုဇုန် ၁၇ နိုင်ငံအနက် ၁၂ နိုင်ငံ ထောက်ခံ အတည်ပြုရမည်ဖြစ်သည်။ လောလောဆယ်တွင် ယင်းကိစ္စအတွက် အိုင်ယာလန်နိုင်ငံက ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်နေသည်။ ကန့်ကွက်လျှင် ၂၀၁၃ ခုနှစ် ထောက်ပံ့ငွေပေးမှုအပြီး နောက်ပိုင်းတွင် အီးယူ၏အရေးပေါ်ငွေရရှိတော့မည်မဟုတ်ပေ။

အီးယူသဘောတူညီချက်

စပိန်ဘဏ် ငွေကြေး အကျပ်အတည်း၊ ဂရိနိုင်ငံပြဿနာ၊ ပြင်သစ်အစိုးရအပြောင်းအလဲ စသည့်အချိန်မျိုးတွင် အီးယူသဘောတူညီချက်ကို ပြည်သူ့ဆန္ဒဖြင့် တစ်နိုင်ငံတည်းတွင်သဘောထားယူသည့် အိုင်ယာလန်နိုင်ငံ၏အဖြေ မည်သို့ ထွက်လာမည်ကို စောင့်ကြည့်ရန်သာဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မိုးမြင့်လင်းလက်-စုစည်းသည်

ကမ္ဘာပေါ်၌ ဈေးအကြီးဆုံးဂီတာ

နယူးယောက် ဇွန် ၂

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မေ ၃၁ ရက်က ပြုလုပ်ခဲ့သော လေလံပွဲ၌ လွန်ခဲ့သည့်နှစ် ၄၀ ခန့်က ပြုလုပ်ခဲ့ပြီး အမေရိကန်ရုပ်ရှင်မင်းသား ရစ်ချက်ဂေး ပိုင်ဆိုင်သည့် ဂီတာတစ်လက်သည် အမေရိကန်ဒေါ်လာ တစ်သန်းရရှိခဲ့ရာ ကမ္ဘာပေါ်၌ ဈေးအကြီးဆုံးဂီတာတစ်လက် ဖြစ်လာခဲ့သည်။

အမေရိကန်ရုပ်ရှင်မင်းသား ရစ်ချက်ဂေးသည် ဂီတာများကို ဝယ်ယူစုဆောင်းတတ်သည့် ဝါသနာပါသူဖြစ်ရာ ၎င်း၏ ဂီတာပေါင်း ၁၀၀ ခန့်ကို ခရစ္စတီးလေလံပွဲ၌ ရောင်းချခြင်းဖြစ်သည်။ ယခုရောင်းချခဲ့သည့် ဂီတာမှာ ဂီတသမားလက်စ်ပေါလ်၏ အီလက်ထရစ်ဂီတာဖြစ်ပြီး ရုပ်ရှင်မင်းသား ရစ်ချက်ဂေးက ဝယ်ယူထားခြင်းဖြစ်သည်။

အဆိုပါ ဂီတာ **(ယာပုံ)**သည် ဒီဇိုင်းပုံစံထူးခြားပြီး တီးခတ်လိုက်သည့်အခါ အသံထွက် အလွန်နားဝင်ပီယံဖြစ်သော ဂီတာဖြစ်သည်။ ယင်းဂီတာကို အမည်မဖော်လိုသူ အမေရိကန် ဂီတသမားတစ်ဦးက ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ မိမိသည် ၎င်းဂီတာကို ဖျော်ဖြေပွဲများ၌ တီးခတ်မည်မဟုတ်ကြောင်း၊ မိမိအိမ်ဧည့်ခန်း၌ အမှတ်တရ ချိတ်ဆွဲထားမည်ဖြစ်ကြောင်း ဝယ်ယူသွားသူ ဂီတသမားက ပြောကြားသည်။

၎င်းဂီတာသည် ဂီတသမားလက်စ်ပေါလ်က အထူးသီးသန့်အော်ဒါမှာယူပြုလုပ်ခဲ့သော ဂီတာဖြစ်ပြီး ယင်းဒီဇိုင်းမျိုး ဂီတာကို နောက်ထပ်မပြုလုပ်ရန်မူပိုင်ထားခဲ့သူဖြစ်သည်။ ယခင်က ဈေးအကြီးဆုံးဂီတာမှာ ၁၉၃၁ ခုနှစ်က ပြုလုပ်ခဲ့သော ဂီတာတစ်လက်ဖြစ်ပြီး လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၆၂၅၀၀ ရရှိခဲ့သည်။ **(အင်တာနက်)**

လက်ချောင်းနှစ်ချောင်းစီဖြင့် ထောက်ကာ ခန္ဓာကိုယ်ဇောက်ထိုးအနေအထားဖြင့် အချိန်အကြာဆုံးကမ္ဘာ့စံချိန်တင်

ဇောက်ထိုးအနေအထားဖြင့် အချိန် ၁၉ ဒသမ ၂၃ စက္ကန့်ကြာအောင် နေပြခဲ့ရာမှ ယခုနှစ်ကုန်တွင် လက်တစ်ဖက်တည်းမှ လက်ချောင်းနှစ်ချောင်းဖြင့်ထောက်ကာ အချိန်တစ်မိနစ်ခန့်မျှကြာအောင် နေထိုင်ကာ ဂင်းနက်စ်မှတ်တမ်းသစ် တင်နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

(အင်တာနက်)

ပေကျင်း ဇွန် ၂

*တရုတ်နိုင်ငံသား ဝမ်ဝေပေါင်အမည်ရှိ အမျိုးသားတစ်ဦးသည် လက်တစ်ဖက်လျှင် လက်ချောင်းနှစ်ချောင်းစီဖြင့်ထောက်ကာ ဇောက်ထိုးအနေအထားဖြင့် အချိန်အကြာဆုံးနေနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဇွန် ၁ ရက်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)***

အသက် ၂၇ နှစ်အရွယ်ရှိ ဝမ်ဝေပေါင်သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြသခဲ့သော စွမ်းရည်ပြပွဲ တစ်ရပ်တွင် ၎င်း၏အံ့သြဖွယ်ရာ ဇောက်ထိုးအနေအထားဖြင့် အချိန် ၁၉ ဒသမ ၂၃ စက္ကန့်မျှကြာအောင် နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဝမ်ဝေပေါင်သည် အသက် ၁၀ နှစ်အရွယ်ခန့်ကပင် လက်တစ်ဖက်ထောက်၍ ဇောက်ထိုးနေခြင်း၊ လက်ချောင်းလေးချောင်းဖြင့်ထောက်ကာ ဇောက်ထိုးနေခြင်းတို့ကို နေ့စဉ်အားလပ်ချိန်တိုင်း လေ့ကျင့်နေထိုင်ခဲ့ခြင်းဖြစ်သည်။ယခုအခါ လက်နှစ်ဖက်မှ လက်ချောင်းနှစ်ချောင်းစီဖြင့် ခန္ဓာကိုယ်ကို

ကမ္ဘာပေါ်၌ လေယာဉ်ပေါ်သုံးစက္ကူအိတ် အရေအတွက်အများဆုံး စုဆောင်းနိုင်သူ

လစ္စဘွန်း ဇွန် ၂

နယ်သာလန်နိုင်ငံသားတစ်ဦးသည် လေယာဉ်ပေါ်တွင်အသုံးပြုသော အရေးပေါ်စက္ကူအိတ်များကို အမျိုးအစားကွဲပြားစွာ အများဆုံးစုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇွန် ၁ ရက်က ဖော်ပြခံရသည်။ အသက် ၄၈ နှစ်အရွယ် နစ်ဗာမူလန်အမည်ရှိ အမျိုးသားသည် နိုင်ငံတကာလေကြောင်းလိုင်းများဖြင့် ခရီးစဉ်အများအပြားသွားလာနေသူဖြစ်သည်။ ထိုသို့သွားလာရာတွင် လေယာဉ်များပေါ်၌ ခရီးသည်များမူးဝေအော့အန်ရာတွင် အရေးပေါ်အသုံးပြုရသည့် စက္ကူအိတ်များကို အမှတ်တရ စုဆောင်းလေ့ရှိသည့် ဝါသနာပါသူတစ်ဦးဖြစ်သည်။ (ဝဲပုံ)

နစ်ဗာမူလန်သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်သို့ အလုပ်ကိစ္စဖြင့်သွားရောက်ခဲ့သူဖြစ်ပြီး လေယာဉ်လိုင်းအမျိုးမျိုးကို ပြောင်းလဲစီးနင်းခဲ့သူဖြစ်သည်။ ထိုသို့ လေယာဉ်များစီးတိုင်း အဆိုပါ အရေးပေါ်စက္ကူအိတ်များကိုယူကာ စုဆောင်းခဲ့ခြင်းဖြစ်သည်။ နစ်ဗာမူလန် ယခုအချိန်အထိ စီးနင်းသွားလာခဲ့သည့် လေကြောင်းလိုင်းအရေအတွက်မှာ ၁၁၄၂ လိုင်းဖြစ်ပြီး အမျိုးအစားမတူသည့် အရေးပေါ် စက္ကူအိတ်ပေါင်းမှာ ၆၀၁၆ အိတ်ဖြစ်သည်။ ထိုသို့လေကြောင်းခရီးစဉ် စီးနင်းသွားလာခဲ့သည့် အချိန်ကာလမှာ ၁၉၇၀ ခုနှစ်မှ ၂၀၁၂ ခုနှစ် မေလကုန်အထိဖြစ်သည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် လေယာဉ်ပေါ်သုံးအရေးပေါ်စက္ကူအိတ်များကို အမျိုးအစားမတူဘဲ အရေအတွက်အများဆုံးစုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။ (အင်တာနက်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကာတွန်း၊ ပန်းချီနှင့်ပိုစတာပြိုင်ပွဲသို့ ရောက်ရှိကာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်ကလေးငယ်များ၏ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲကို ဇွန် ၃ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၇၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန သင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန အင်ဂျင်နီယာ(လျှပ်စစ်) (မွမ်းမံ)သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၃)(ရေ/သန့်)(အခြေခံ)သင်တန်းနှင့် စက်မှုအင်ဂျင်နီယာအလုပ်ရုံဆွေးနွေးပွဲ သင်တန်းများဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ကျင်းပရာ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား ၈၄ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနား ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြော

နေပြည်တော် ဇွန် ၂

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့နယ်ခွဲနေ ဒေသခံတိုင်းရင်းသား ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ ရက်တွင် အဆိုပါမြို့နယ်ခွဲ စုပေါင်းရုံး၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား ကျေးရွာသူ ကျေးရွာသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၂ ကတ်ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပိုင်ကျုံမြို့နယ်ခွဲအတွင်း ရွှေ့ပြောင်းနေထိုင်သည့် တိုင်းရင်းသားများ တန်ဖိုးနည်းအိမ်ရာများ၌နေထိုင်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပိုင်ကျုံတိုက်နယ်ဆေးရုံ၌ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က မြို့နေပြည်သူများနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအား အခမဲ့ဆေးဝါးကုသပေးမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါဆေးရုံ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ၁၀ ဖွဲ့က အခမဲ့ဆေးဝါးကုသပေးရာ လာရောက်ကုသသူ စုစုပေါင်း ၂၅၅ ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက် ၇၀ အခမဲ့ပေးအပ်ခဲ့သည်။ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပြည်နယ်တွင်းရှိ ကျေးလက်ဒေသများသို့ လစဉ်ကွင်းဆင်း၍ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရမည်းသင်း ဇွန် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း **(အပေါ်ပုံ)**က ဝန်ထမ်းများ၏ သားသမီး ၁၉ ဦးအား ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၃၇၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၄၀၆)**

စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဖွင့်

ရွှေကျင် ဇွန် ၂

ပဲခူးခရိုင် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွှေကျင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၂)ဖွင့်ပွဲကို မေ ၂၈ ရက်က ကျင်းပရာ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း သင်တန်းသား ၇၈ ဦးတို့ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။ **(၀၀၁)**

ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်

အိမ်မဲ ဇွန် ၂

အိမ်မဲမြို့နယ်၌ ပုံကျစျေးသည်၊ အငှားယာဉ်မောင်းလုပ်သားများ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းက အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးကျော်စိုးက ကျောင်းဝတ်စုံများထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူ ၂၀ အတွက် ကျောင်းဝတ်စုံ အစုံ ၂၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထောက်ပံ့ပစ္စည်းပေးအပ်

မေ ၂၉ ရက်က ကန်ကြီးထောင့်မြို့နယ် မဂူကျွန်းကျေးရွာ(မူလွန်) ဘုန်းတော်ကြီး ပညာသင်ကျောင်းတွင် ကျောင်းသား ကျောင်းသူလေးများကို ကျောင်းဝတ်စုံ၊ လွယ်အိတ်နှင့်မိုးကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ကျောင်းသူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မှုခင်းသတင်း

တရားခံ ကိုမျိုး(ခ) မျိုးလွင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းလျှောက်သူ ဆိုင်ကယ်တိုက်မိ၍ သေဆုံး

ဖြူး ဇွန် ၂

မေ ၃၀ ရက် နံနက် ၁၁ နာရီခန့်တွင် ဖြူးမြို့ရုံးရပ်ကွက် ဗိုလ်ချုပ်လမ်း မြန်မာ့စီးပွားရေးဘဏ်ရုံးရှေ့တွင် ဖြူးမြို့နယ် ကံကလေးရွာနေ ဦးမောင်မြင့်၏သား မောင်ရဲ အသက် (၁၉) နှစ်သည် ဟွန်ဒါဝေ့ဗ်ဆိုင်ကယ်ဖြင့် ဖြူးဆေးရုံမှ မြို့တွင်းသို့ မောင်းနှင်လာစဉ် လမ်းဘေးမှလမ်းလျှောက်နေသူ ဖြူးမြို့နယ် ဝဲကြီးလေးအိမ်စုရွာနေ ဦးလှရွှေ အသက် (၅၇) နှစ်အား နောက်မှဝင်ရောက်တိုက်မိသဖြင့် ဦးလှရွှေမှာ ဦးခေါင်းနောက်စေ့ဖူးရောင်ဒဏ်ရာ၊ ယာချိုစောင်းဖူးရောင်ဒဏ်ရာရရှိပြီး ဖြူးဆေးရုံ၌ သေဆုံးသွားသည်။

ဆိုင်ကယ်မောင်းသူ မောင်ရဲမှာ နှာခေါင်းမှ သွေးထွက်ဒဏ်ရာ၊ ဝဲပါး၊ ဝဲမျက်ခုံးတို့ ဖူးရောင်ဒဏ်ရာရရှိသဖြင့် ဖြူးဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ပို့ထားရကြောင်း သိရသည်။ **(၁၁၃)**

မူးယစ်ဆေးဝါး မော်လူး၌ ဖမ်းဆီးမိ

မော်လူး ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းကျေးရွာတွင် မေ ၂၆ ရက်က မူးယစ်ဆေးဝါးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ည ၉ နာရီခွဲအချိန်ခန့်က မော်လူးစခန်းမှူး ရဲအုပ်ဇော်ဝင်းသည် နယ်ထိန်းခေါင်းဆောင်ဒုတိယရဲအုပ်စိန်ဂေါင်အဖွဲ့၊ သက်သေများနှင့်အတူ ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းရွာနေ မမဲစိန်၏နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ မမဲစိန်နှင့်ဟောင်းတုန်းကျေးရွာနေ ကျော်လွင်တို့အားတွေ့ရှိစဉ် မမဲစိန်မှာ နေအိမ်ပေါ်မှ ခုန်ချထွက်ပြေးခဲ့သော်လည်း ၎င်း၏နေအိမ်ဝင်းအတွင်း ပြန်လည်ဖမ်းဆီးရမိပြီး မမဲစိန်လက်ဝယ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသော တိုက်ငါးလုံးတံဆိပ်ပါ သတ္တုဘူးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသည်။ အဖြူရောင်အမှုန့် အလေးချိန် ၀ ဒသမ ၀၆၃၅ ဂရမ်ခန့်ပါ တစ်ဘူး၊ ပင်နီဆီလင်ပုလင်း အသေးဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် အလေးချိန် ၀ ဒသမ ၁၂၇ ဂရမ်ခန့်ပါ တစ်ပုလင်း စုစုပေါင်းအလေးချိန် ၀ ဒသမ ၁၉၀၅ ဂရမ်ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(၁၄၉)**

ပစ္စည်းယူ၊ လူသတ်၊ မီးရှို့၊ အလောင်းဖျောက်ဖျက်မှု ကျူးလွန်သူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၄၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၇ လမ်း အမှတ်(၇၆) ဒုတိယထပ်၌ မေ ၃၀ ရက်က မိန်းကလေးတစ်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်ပြီး မီးရှို့၍ အလောင်းဖျောက်ဖျက်မှုကျူးလွန်ကာ ပစ္စည်းများယူဆောင်သွားခဲ့သည့် တရားခံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၄၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

မေ ၃၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် အထက(၂) လသာမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူ မဆုစန္ဒီအောင် အသက်(၁၆) နှစ်သည် အထက်ပါနေအိမ်၌ ဦးခေါင်း၊ လည်ပင်း၊ ဝဲလက်တို့တွင် ပြတ်ရှဒဏ်ရာများရရှိလျက် မီးရှို့သတ်ထားသည့် လက္ခဏာများဖြင့် သေဆုံးနေပြီး အိပ်ခန်းအတွင်းရှိ ဗီရိုထဲတွင် သိမ်းဆည်းထားသော စုစုပေါင်းငွေကျပ် ၁၀၄၅၀၀၀၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း လမ်းမတော်ရဲစခန်းသို့ တိုင်ကြားလာသဖြင့် လမ်းမတော်ရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်ချက်များအရ တရားခံ ကိုမျိုး(ခ) မျိုးလွင်အား ဇွန် ၁ ရက် နံနက် ၇ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံက သေဆုံးသူ၏မိခင်နှင့် ချေးငွေကိစ္စရပ်အပေါ် မကျေနပ်၍ နာကျည်းမုန်းတီးသဖြင့် ပစ္စည်းယူ လူသတ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ရာ သေဆုံးသူမှာ အပြစ်မရှိဘဲ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သဖြင့် မိဘဆွေမျိုးများ၊ ပတ်ဝန်းကျင်မှ အသိမိတ်ဆွေများနှင့် သူငယ်ချင်းများအတွက် ယူကျုံးမရစရာ ဖြစ်ရပ်ဆိုးကြီးပင် ဖြစ်သည်။

တရားခံက ၎င်းသည် မေ ၃၀ ရက်နံနက် ၁၀ နာရီတွင် နေအိမ်မှ ထွက်လာပြီး ရွှေပုဇွန်မုန့်တိုက်မှ မုန့်အချို့ကိုဝယ်ယူ၍ လမ်းမတော် ၇ လမ်းရှိ သေဆုံးသူ၏ မိခင်နေအိမ်သို့ သွားရောက်ရာ မဆုစန္ဒီအောင်နှင့် တွေ့ဆုံခဲ့ကြောင်း၊ မုန့်လာပို့သည်ဟုပြောဆိုကာ အိမ်ထဲသို့ ဝင်ရောက်ခဲ့ပြီး တံခါးပိတ်နေစဉ် နောက်မှ ဓားဖြင့် လေးချက်ခန့် ဆင့်ခုတ်ခဲ့ကြောင်း၊ ထို့နောက် အလောင်းပေါ်သို့ ခေါင်းအုံး၊ ဂွမ်းကပ်၊ စောင်များ၊ အဝတ်အထည်များပုံပြီး မီးရှို့ကာ ဗီရိုအတွင်းမှ ရွှေထည်ပစ္စည်းများအားလည်း ယူဆောင်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟု သိရှိရသည်။

တရားခံထံမှ ရွှေထည်ပစ္စည်း ၁၁ မျိုးအား ပြန်လည်သိမ်းဆည်းရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား သေဆုံးသူ၏ မိသားစုများက အမှုမှန်ပေါ်ပေါက်ရေးအတွက် အခြေအနေမှန်ကို ဖွင့်ဟပူးပေါင်းဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ရှိ ပြည်သူများကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူတို့ကလည်း သတင်းဆက်ကို စဉ်ဆက်မပြတ် ဆက်စပ်ဖော်ထုတ်ကာ အသေးအဖွဲ သဲလွန်စများမှအစ အလေးထားဆက်စပ်ဖော်ထုတ်ခြင်းတို့ကြောင့် အမှုဖြစ်ပွားပြီး ၄၄ နာရီအတွင်း တရားခံအား သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားခံအား ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကောင်းမြတ်သူ – ရေးသားသည်

အဆိုတော် ဂျွန်မေယာရဲ့ အယ်လ်ဘမ်သစ် နံပါတ်တစ် အရောင်းရဆုံးဖြစ်လာ

ကမ္ဘာကျော်အဆိုတော် ဂျွန်မေယာ။

လော့စ်အိန်ဂျလိစ် ဇွန် ၂

ယခုသီတင်းပတ်အတွက် ဘေလ်ဘုတ်ရဲ့ အရောင်းရဆုံး ၂၀၀ စာရင်းမှာ နံပါတ်တစ်အရောင်းရဆုံး တေးအယ်လ်ဘမ်ကတော့ ကမ္ဘာကျော်အဆိုတော် ဂျွန်မေယာရဲ့ Born And Raised တေးအယ်လ်ဘမ်ပဲဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အဆိုတော်ဂျွန်မေယာရဲ့ ပဉ္စမမြောက် တေးအယ်လ်ဘမ် ဖြစ်ပါတယ်။

ဂျွန်မေယာရဲ့ ဒီတေးအယ်လ်ဘမ်မှာ ပထမထွက်တဲ့ သီတင်းပတ်ထဲမှာ တေးအယ်လ်ဘမ်အချပ်ပေါင်း ၂၁၉၀၀၀ အထိ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ သူဟာ လက်ရှိအခြေအနေတွင် လည်ပင်းမှာ အကျိတ်ပေါက်နေတဲ့အတွက် သီချင်းမဆိုနိုင်ပါဘူး။ ဒါပေမယ့်လည်း အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဆိုတော်ဂျွန်မေယာရဲ့ တေးအယ်လ်ဘမ်ဟာ ထွက်တိုင်းလူကြိုက်များခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ သူ့ရဲ့ တေးအယ်လ်ဘမ်ဟာ နံပါတ်တစ်အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့သလို ၂၀၀၃ ခုနှစ်ကလည်း Heavier Thing လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ နံပါတ်တစ်အရောင်းရဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က Battle Studies လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာလည်း နံပါတ်တစ်အရောင်းရဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

တတိယအရောင်းရဆုံး အယ်လ်ဘမ်

ပြီးခဲ့တဲ့အပတ်က အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲမှာ ဗိုလ်စွဲသွားတဲ့ အဆိုတော်ဖီးလစ်ဖီးလစ်ရဲ့ Home လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကတော့ ဒုတိယအများဆုံး ရောင်းရတဲ့ တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ဒီနောက်မှာတော့ အဆိုတော် ကယ်ရီအန်ဒါဝုဒ်ရဲ့ Blown Away တေးအယ်လ်ဘမ်က တတိယအရောင်းရဆုံး အယ်လ်ဘမ်ဖြစ်ပါတယ်။

(အင်တာနက်)

ကမ္ဘာကျော်အဆိုတော် ဂျပ်စတင်ဘီဘာ ပထမဆုံး ရုပ်ရှင်ရိုက်မည်

လော့စ်အိန်ဂျလိစ် ဇွန် ၂

*ကမ္ဘာကျော် ကနေဒါလူငယ်အဆိုတော်လေးတစ်ယောက်ဖြစ်တဲ့ ဂျပ်စတင်ဘီဘာ **(အောက်ယာပုံ)** ဟာ ပထမဆုံးအကြိမ်အဖြစ် ရုပ်ရှင်ရိုက်တော့မယ်တဲ့။ သူဟာ အင်န်ဘီအက်စ် ရုပ်မြင်သံကြားက ထုတ်လွှင့်မယ့် Justin Bieber: All Around the World လို့ အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ သရုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲဟာ အဆိုတော်လေး ဂျပ်စတင်ဘီဘာရဲ့ ပထမဆုံးသော ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်မှု ဖြစ်ပါတယ်။*

လှည့်လည်ဖျော်ဖြေ

ဒီဇာတ်လမ်းတွဲမှာ အဆိုတော်ဂျပ်စတင်ဘီဘာရဲ့ ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေခဲ့တဲ့ အစီအစဉ်တွေ၊ ရှိုးပွဲတွေကို ပရိသတ်တွေ တစ်ဝကြီးရှုစားရမယ်လို့ အင်န်ဘီအက်စ်ရုပ်သံရိုက်ကူးထုတ်လွှင့်ရေးအဖွဲ့က ဆိုပါတယ်။

"ကျွန်တော်တို့ အင်န်ဘီအက်စ် ရုပ်မြင်သံကြားအနေနဲ့ ဂျပ်စတင်ဘီဘာရဲ့ သည်းထိတ်ရင်ဖိုသီဆိုဖျော်ဖြေမှု အစီအစဉ်တွေကို ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ပါတယ်။ သူ့ရဲ့ကမ္ဘာလှည့် ဖျော်ဖြေမှု အစီအစဉ်တွေကို လူတိုင်းလိုက်မကြည့်နိုင်ကြပါဘူး။ ဒီအတွက် ကျွန်တော်တို့ရုပ်မြင်သံကြားအနေနဲ့ ဂျပ်စတင်ဘီဘာရဲ့ ၁၂ ရက်ကြာ ကမ္ဘာလှည့်ဖျော်ဖြေမှု အစီအစဉ်မှာ ရိုက်ကူးတင်ဆက်သွားမှာဖြစ်ပါတယ်" လို့ အင်န်ဘီအက်စ် ဒုတိယဥက္ကဋ္ဌ ဒေါက်ဗူဂန်က ပြောပါတယ်။

အရောင်းမြှင့်တင်

အဆိုတော်ဂျပ်စတင်ဘီဘာဟာ လာမယ့် ဇွန် ၁၅ ရက်ကနေ နယူးယောက်မြို့မှ စပြီး ကမ္ဘာလှည့်ဖျော်ဖြေဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ ၁၂ ရက်ကြာ ကမ္ဘာလှည့် ဖျော်ဖြေမှုအစီအစဉ်မှာ နိုင်ငံပေါင်း ခုနစ်နိုင်ငံကို လှည့်လည်ဖျော်ဖြေမှာ ဖြစ်ပါတယ်။ သူဟာ ဇွန် ၁၉ ရက်မှာ သူ့ရဲ့ အယ်လ်ဘမ်သစ်ဖြစ်တဲ့ Believe ကိုလည်း အရောင်းမြှင့်တင်သွားမယ်လို့ ဆိုပါတယ်။

(အင်တာနက်)

ကမ္ဘာကျော်ဂရမ်မီဆုပေးပွဲ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည်

နယူးယောက် ဇွန် ၂

ကမ္ဘာကျော် ဂီတပညာရှင်နဲ့ အဆိုတော်တွေကို ပေးအပ်ချီးမြှင့်နေတဲ့ ဂရမ်မီဆုပေးပွဲကို လာမယ့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ ကျင်းပသွားမယ်လို့ ဂရမ်မီ ဆုချီးမြှင့်ရေးအဖွဲ့မှ တာဝန်ရှိသူတွေက ပြောပါတယ်။

ဒီဂရမ်မီဆုပေးပွဲ အခမ်းအနားကိုတော့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဂရမ်မီဆုပေးပွဲဟာ ကမ္ဘာ့ဂီတလောကတွင် အကြီးအကျယ်ဆုံး အခမ်းအနားတစ်ရပ် ဖြစ်ပါတယ်။

အဆိုပါဂရမ်မီဆုရတဲ့ အဆိုတော်တွေရဲ့ စာရင်းကိုတော့ ဒီဇင်ဘာ ၅ ရက်မှာ ထုတ်ပြန်ကြေညာမယ်လို့ ဆိုပါတယ်။ ဂရမ်မီဆု ရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ထားတဲ့ စာရင်းကို နှစ်လစောပြီး ထုတ်ပြန်မှာဖြစ်ပါတယ်။ ဒီဂရမ်မီဆုချီးမြှင့်ပွဲအခမ်းအနားရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုကိုတော့ စီဘီအက်စ်က တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကိုတော့ လူပေါင်းသန်း ၄၀ ခန့်က လေ့လာစောင့်ကြည့်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒါဟာ ဂရမ်မီသမိုင်းမှာ ဒုတိယမြောက်ကြည့်ရှုသူ အများဆုံးဖြစ်ခဲ့ပါတယ်။ ကမ္ဘာကျော်အဆိုတော် အဒေလီဟာ **(ဝဲပုံ)**ဂရမ်မီဆုပေးပွဲမှာ ဆုအများဆုံးဆွတ်ခူးခဲ့ပြီး စုစုပေါင်းဂရမ်မီဆု ခြောက်ဆုအထိ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ **(အင်တာနက်)**

မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၃ ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၉၃ လက်မ၊ နေပြည်တော်(တပ်ကုန်း)တွင် ၀ ဒသမ ၇၃ လက်မ၊ ဂွမြို့တွင် ၇ ဒသမ ၃၂ လက်မ၊ ကော့သောင်းမြို့တွင် ၇ ဒသမ ၀၈ လက်မ၊ ဇလွန်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ညောင်လေးပင်မြို့နှင့် စစ်တွေမြို့တို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဇောင်းတူမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၁၉ လက်မနှင့် မော်လမြိုင်မြို့တွင် ၂ ဒသမ ၉၂ လက်မတို့ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❖ *ကျောဖုံးမှ*

တစ်ဖန် အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်များကို ဇွန် ၂ ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာနှင့် ကနေဒါတင်းနစ်မယ် ဝေါ့ဇ်နစ်တို့ပွဲတွင် အဇာရင်ကာက ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး စတုတ္ထအဆင့် တက်ရောက်သွားပြီဖြစ်သည်။ ထို့အတူ တတိယအဆင့်နောက်ထပ်ပွဲစဉ်အဖြစ် ဆလိုဗက်ကီးယားတင်းနစ်မယ် စီဘူလ်ကိုဗာနှင့် စပိန်တင်းနစ်မယ် ဂျို့မာတီနက်ဇ်တို့ပွဲတွင် ဆလိုဗက်ကီးယားတင်းနစ်မယ် စီဘူလ်ကိုဗာက ၆-၂၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

နိုင်ပွဲရရှိခဲ့

ထို့အပြင် အမျိုးသားတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်များကို ဇွန် ၂ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ရော်ဂျာဖက်ဒါရားက ပြင်သစ်တင်းနစ်သမား မာဟက်အား ၆-၃၊ ၄-၆၊ ၆-၂၊ ၇-၅ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်နှင့် ပြင်သစ်တင်းနစ်သမား ဒီဗီလ်ဒါတို့ပွဲတွင် ဂျိုကိုဗစ်က ၆-၁၊ ၆-၂၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ အာဂျင်တီးနားတင်းနစ်သမား ဒဲလ်ပိုထရိုနှင့် ခရိုအေးရှားတင်းနစ်သမား မာရင်စီလစ်တို့ပွဲတွင် ဒဲလ်ပိုထရိုက ၆-၃၊ ၇-၆ (၉-၇)၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ချက်တင်းနစ်သမားဘာဒက်နှင့် တောင်အာဖရိကတင်းနစ်သမား အန်ဒါဆင်တို့ပွဲတွင် ဘာဒက်က ၆-၄၊ ၃-၆၊ ၆-၇ (၄-၇)၊ ၆-၄၊ ၆-၄ တို့ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ***(အင်တာနက်)***

လန်ဒန်အိုလံပစ်လက်ရည်စစ်ဘော်လီဘောပြိုင်ပွဲ အီရန်၊ တရုတ်၊ ဆားဘီးယားတို့အနိုင်ရ

တိုကျို ဇွန် ၂

ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ လန်ဒန်အိုလံပစ်အားကစားပွဲအတွက် လက်ရည်စစ်ပွဲများကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇွန် ၂ ရက်က ဆက်လက်ကျင်းပရာ အီရန်က တောင်ကိုရီးယားအသင်းကို အနိုင်ရရှိသွားခဲ့သည်။ **(ဝဲပုံ)**

အီရန်အမျိုးသားဘော်လီဘောအသင်းသည် တောင်ကိုရီးယားအမျိုးသားဘော်လီဘောအသင်းကို ၂၅-၁၇၊ ၂၅-၁၈၊ ၂၅-၁၆ ဖြင့် သုံးပွဲပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ဩစတြေးလျဘော်လီဘောအသင်းက ဗင်နီဇွဲလားအသင်းကို ၂၅-၁၄၊ ၂၅-၂၂၊ ၂၅-၁၈ ဖြင့် သုံးပွဲပြတ်နိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲ၌ ဩစတြေးလျအသင်းသည် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ထို့အပြင် တရုတ်နှင့်ပွာတိုရီကိုအသင်းတို့ပွဲတွင် တရုတ်အသင်းက ၂၅-၂၃၊ ၂၅-၁၉၊ ၂၅-၁၇ ဖြင့် သုံးပွဲပြတ်နိုင်ပွဲရရှိခဲ့သည်။ ဆားဘီးယားနှင့်ဂျပန်အသင်းတို့ပွဲတွင် ဆားဘီးယားအသင်းက ၂၅-၁၉၊ ၂၅-၂၃၊ ၂၅-၁၆ ဖြင့် သုံးပွဲပြတ် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

❒ *ကျောဖုံးမှ*

ဗီတာမင်ဒီဓာတ်ပြည့်ဝသည့် နွားနို့၊ ကြက်ဥ၊ သားငါးများနှင့် ဖြည့်စွက်စာများ စားသုံးပေးသင့်ကြောင်း ဒေါက်တာကိုဂျီးမားက တိုက်တွန်းထားသည်။

အဆိုပါသုတေသနကို ဟာဝိုင်ယီတွင်နေထိုင်သော အသက် ၄၅ နှစ်မှ ၉၆ နှစ်အတွင်းရှိ ဂျပန်နှင့် အမေရိကန်အမျိုးသား ၇၃၈၅ ဦးအား သုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာမှ လေ့လာသိရှိခဲ့ခြင်းဖြစ်သည်။ ဗီတာမင်ဒီဓာတ်ပါသော အစားအစာများကို မစားသုံးခဲ့သောအမျိုးသားများမှာ အသက်ကြီးလာသည့်အခါ လေဖြတ်သူများလာသည်ကို တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်က ၂၀၁၁ ခုနှစ်အတွင်းရရှိခဲ့သော ပြည်နယ်လှူပ်ရှားမှုထူးချွန် တတိယဆုအား လွှဲပြောင်းအပ်နှင်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ရေးနှင့် အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအား အရေးပေါ်ညွှန်းပို့နိုင်ရန်အတွက် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများသို့ ငွေကျပ်လေးသိန်းခွဲစီ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အသင်း၏လုပ်ငန်းများတွင် ထူးခြားစွာ ဆောင်ရွက်နိုင်သည့် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ မန်စီနှင့် ပူတာအိုမြို့နယ်များမှ အသင်းဝင်တို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ခင်းကျင်းပြသထားသော ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကံဆီးဆိုင်းလုံက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ကြည်ဌေးက ကချင်ပြည်နယ်အတွင်း ပေါက်ရောက်သည့် ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များအကြောင်းကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်က အသင်း၏ လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက် အားနည်းချက်များကို လည်းကောင်း၊ ခရိုင်/မြို့နယ် ဥက္ကဋ္ဌများက ခရိုင်/ မြို့နယ်အသင်းများ၏ အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ***ရှေ့ဖုံးမှ***

ကုန်ကျစရိတ်၊ အကျိုးအမြတ်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စပါးဈေးနှုန်း သင့်တင့်မျှတသည့် အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ဆောင်ရွက်ပေးနိုင်ပါက လယ်သမားများနှင့် လယ်လုပ်သားများ အဆင်ပြေနိုင်မည်ဖြစ်၍ သင့်တော်သလို စီမံဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်နိုင်ရေးအတွက် စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုများကို သင့်တင့်မျှတအောင် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် သက်ဆိုင်ရာများက ဆက်လက်တိုးမြှင့် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြတောင်းဆိုကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက ဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့ဝန်ထမ်းများသည် သစ္စာရှိရှိ၊ စေတနာရှိရှိ၊ တာဝန်သိသိ၊ အရည်အချင်းရှိရှိဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြည်သူများ၏ဘက်ကလည်း မှန်ကန်သည့်ရွေးချယ်မှုဖြင့် မှန်မှန်ကန်ကန်ရွေးချယ်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များကလည်း တာဝန်ကျေပွန်စွာဖြင့် ပြည်သူ့ဘက်က ရပ်တည်ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဧည့်သည်တော်များသည် မဲဆန္ဒရှင်ပြည်သူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဂျပန်နိုင်ငံ JMA မှ ဧည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဂျပန်နိုင်ငံ Japan Myanmar Association (JMA) အဖွဲ့မှ Senior Executive Director, Mr. SEKI Akinori ခေါင်းဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** သွားအထူးကုဆရာဝန်များအား လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များ၊ သွားတုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ မိခင်မွေးကင်းစနှင့် ကလေးသေဆုံးမှုလျှော့ချရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးမှုအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန် ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၁၂ ခုနှစ် (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီ ခေါင်းဆောင်သည့် အုပ်ချုပ်/နည်းပြ ခုနစ်ဦးနှင့်ကစားသမား ၁၉ ဦးစုစုပေါင်း ၂၆ ဦးတို့သည် **(အပေါ်ပုံ)** ယမန်နေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားခဲ့သည်။

မြန်မာသေနတ်ပစ်အားကစားအဖွဲ့သည် ၁၀ မီတာ လေပစ္စတိုနှင့်လေရိုင်ဖယ် ပစ်ခတ်စဉ်၊ ၂၅ မီတာ အားကစားပစ္စတိုနှင့် စံချိန်မီပစ္စတို ပစ်ခတ်စဉ်၊ ၅၀ မီတာ ဝမ်းလျားမှောက်နှင့် စိတ်ကြိုက် ပစ္စတိုပစ်ခတ်စဉ်များ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာအုပ်၊ စာစောင်များ ဒုတိယအကြိမ်လှူဒါန်း

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ လှူဒါန်းသော စာအုပ်၊ စာစောင်မျိုးစုံကို မန်နေဂျာ(စီမံ) ဦးဇော်မင်းက ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် သူနာပြုအုပ် ဒေါ်ခင်စန်းရီတို့ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂

ဆေးရုံတက်ပြည်သူများ စာပေဗဟုသုတတိုးပွားရရှိစေရေး၊ စာပေဖတ်ရှုလေ့လာမှု ကျယ်ပြန့်လာစေရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ရည်ရွယ်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ Health Digest ကျန်းမာရေးနှင့် ဆေးပညာဂျာနယ် ၁၈၅ စောင်၊ Good Health ကျန်းမာရေးဂျာနယ် ၁၃၇ စောင်၊ ဂျာနယ်မျိုးစုံ ၅၉၈ စောင်နှင့် စာအုပ်မျိုးစုံ ၇၃ အုပ်တို့ကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ (စီမံ)ဦးဇော်မင်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် သူနာပြုအုပ် ဒေါ်ခင်စန်းရီတို့က လက်ခံကြသည်။

လှူဒါန်း

အဆိုပါ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း စာအုပ်စာစောင်မျိုးစုံ ၂၆၆၄ အုပ် လှူဒါန်းခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြု ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၂၀ MRTV-4 သတင်း
၅:၄၀ **ဒါနကိုကိုင် ကောင်းကျိုးလိုင်** တရားတော်[ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)]
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၅)
၉:၅၅ ခေတ်သစ်ပျိုမေ
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၇)
၁၁:၃၅ Golden Minute
၁၂:၃၅ Kid's Show
၂:၀၀ MRTV-4 သတင်း
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၁၀)
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၅)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၂)
၈:၀၀ MRTV-4 သတင်း
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၆)
၁၀:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၈)
၁:၀၅ မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း+ခင်စံပယ်ဦး၊ Rဇာနည်+ဝမ်း)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူတိုင်းပါဝင်ဆောင်ရွက်ပေး

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

တိုးပွားလာသော လူဦးရေအတွက် သဘာဝအရင်းအမြစ်များကို အစဉ်အမြဲ ပိုမို၍လိုအပ်နေခြင်းသည် ကျွန်ုပ်တို့ကမ္ဘာ၌ရှိသော ဇီဝမျိုးကွဲမျိုးစုံများအား အလွန်ထိခိုက်လျက်ရှိပြီး ကျွန်ုပ်တို့အနာဂတ်၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် ရှင်သန်ရပ်တည်မှုများကို ခြိမ်းခြောက်လျက်ရှိနေကြောင်း "ကမ္ဘာ့တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များရန်ပုံငွေအဖွဲ့" (World Wildlife Fund -WWF) မှ ယခု ၂၀၁၂ ခုနှစ် မေလက ထုတ်ပြန်ခဲ့သည့် "သက်ရှိ ဂြိုဟ်ကမ္ဘာအစီရင်ခံစာ" (Living Planet Report)တွင် ဖော်ပြထားပါသည်။ ကမ္ဘာဂြိုဟ်အပေါ် လူသားများ၏ သက်ရောက်မှုများကို သတ်မှတ်နိုင်ရန်နှင့် ဆုံးရှုံးလျက်ရှိသော ဇီဝမျိုးကွဲမျိုးစုံတို့ကို အချိန်မီစောင့်ရှောက်နိုင်မည့် နည်းလမ်းများကို ထုတ်ဖော်နိုင်ရန်အတွက် အဆိုပါအဖွဲ့က လန်ဒန်သတ္တဗေဒအသင်း(Zoological Society of London) နှင့် ကမ္ဘာလုံးဆိုင်ရာ ခြေရာကွန်ရက်အဖွဲ့ (Global Footprint Network) များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ၏ **"ဂေဟစနစ်များ"** (Ecosystems) ကောင်းမွန်ရှင်သန်မှုကို သိရှိနိုင်ရန်အတွက် **"သက်ရှိဂြိုဟ်ကမ္ဘာ ညွှန်းကိန်း"** - (Living Planet Index - LPI) ဖြင့် သတ်မှတ်ခဲ့ကြောင်း၊ LPI သည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးကွဲမျိုးစုံများအတွက် ညွှန်းကိန်းတစ်ခုဖြစ်ပြီး ဖော်ပြပါအစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းမှ ကျောရိုးရှိသတ္တဝါများ၏ ရှင်သန်နေထိုင်မှုများကို အခြေခံ၍ တိုင်းတာခဲ့ကြောင်း၊ မျိုးစိတ်ပေါင်း ၂၆၀၀ ကျော်မှ အကောင်ပေါင်း ၉၀၁၄ ကောင်၏ **"ဂေဟခြေရာများ"** (Ecological Footprint)ကို လေ့လာထားကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

WWF မှ လေ့လာတွေ့ရှိခဲ့သည့် LPI အရ - ကျွန်ုပ်တို့ဂြိုဟ်ကမ္ဘာ၏ ဂေဟစနစ်များသည် ၁၉၇၀ ပြည့်နှစ်ကပင် ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းနေကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် နှစ်ပေါင်း ၄၀ ကာလအတွင်း ၆၀ ရာခိုင်နှုန်းတိုင် ကျဆင်းနေကြောင်း၊ ကမ္ဘာ၏ ဂေဟခြေရာများအရလည်း သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု များပြားခြင်းကြောင့် သဘာဝအရင်းအမြစ်များကို စဉ်ဆက်မပြတ် မရရှိနိုင်တော့ကြောင်း သိရှိရပါသည်။ ဂေဟခြေရာဆိုသည်မှာ ဇီဝမျိုးကွဲမျိုးစုံများ၏ ဂေဟစနစ်များကို လေ့လာခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဇီဝမျိုးကွဲမျိုးစုံများ၏ ပေါက်ပွားမှု၊ ရှင်သန်ကြီးထွားမှု၊ သေဆုံးမှု၊ နေရာဒေသပြောင်းရွှေ့နေထိုင်မှု၊ မျိုးသုဉ်းပျောက်ကွယ်မှု စသည့်ဖြစ်စဉ်များကို လေ့လာခြင်းဖြစ်ပြီး ဂေဟစနစ်များ၏ ကောင်းမွန်သော အခြေအနေများကို ဇီဝမျိုးကွဲမျိုးစုံများအား လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။ ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှုအခြေအနေကို ဂေဟခြေရာဖြင့် လေ့လာသည့်နည်းသည် ကမ္ဘာပေါ်တွင် ကျယ်ပြန့်လျက်ရှိပါသည်။

ကျွန်ုပ်တို့သည် သဘာဝအရင်းအမြစ်များကို ကမ္ဘာက စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနိုင်သည့် ပမာဏထက် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲနေကြကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာကြီးက အသစ်အသစ် ထုတ်လုပ်ပေးနိုင်မှုပမာဏ၏ တစ်ဆခွဲခန့်ကို သုံးစွဲနေကြကြောင်း၊ သုံးစွဲမှုများကို မလျှော့ချနိုင်ဘဲ ယခုနှုန်းထားအတိုင်းသာ ဆက်လက်၍ သုံးစွဲနေကြဦးမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် ကမ္ဘာဂြိုဟ်နှစ်ခုရှိသည့်တိုင် လောက်ငနိုင်မည်မဟုတ်ကြောင်း၊ ကမ္ဘာပေါ်တွင် လူသားတစ်ဦးချင်း၏ ဂေဟခြေရာအများဆုံးရှိသော နိုင်ငံ (၁၀)နိုင်ငံမှာ - ကာတာ၊ ကူဝိတ်၊ ယူအေအီး၊ ဒိန်းမတ်၊ အမေရိကန်ပြည်ထောင်စု၊ ဘယ်လ်ဂျီယံ၊ ဩစတြေးလျ၊ ကနေဒါ၊ နယ်သာလန်နှင့် အိုင်ယာလန်တို့ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် အမေရိကန်နိုင်ငံသားတစ်ဦးကဲ့သို့ နေထိုင်စားသောက်မည်ဆိုပါက ကမ္ဘာဂြိုဟ်လေးခုမက လိုအပ်မည်ဖြစ်ပြီး ကနေဒီယန်းတစ်ဦးကဲ့သို့ နေထိုင်စားသောက်မည်ဆိုပါက ကမ္ဘာဂြိုဟ်သုံးခုခွဲခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေမြင့်မားသော နိုင်ငံများ၏ ဂေဟခြေရာသည် ဝင်ငွေနည်းသော နိုင်ငံများ၏ ဂေဟခြေရာထက် ၅ ဆခန့်ရှိကြောင်း၊ ကမ္ဘာကြီးသည် ယခုအခါ အခြေအနေမကောင်းမွန်ကြောင်း၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အချိန်မီရှာဖွေရန် ပျက်ကွက်ကြမည်ဆိုပါက ကျွန်ုပ်တို့လူသားများသည် ကြီးမားသော ဂယက်ရိုက်ခတ်မှုများကို ခံစားကြရမည်ဖြစ်ကြောင်း၊ ယခု ဖြစ်ပျက်မှုများ၏ အခြေခံအကြောင်းရင်းများကို ရှာဖွေနိုင်မှုသာလျှင် ကမ္ဘာကြီးသည် ပြန်လည်၍ ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း အထက်ပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်သောဆေးများ၏ ၅၀ ရာခိုင်နှုန်းကို အပင်များ၊ တိရစ္ဆာန်များနှင့် အဏုဇီဝရုပ်များမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည်လည်း ကျန်းမာရေးအတွက် လိုအပ်သော အဓိကဆေးများကို (ခေတ်မီဆေးပညာအရဖြစ်စေ၊ ရိုးရာဆေးပညာအရဖြစ်စေ) ဇီဝအရင်းအမြစ်များမှရရှိနေကြောင်း၊ စက်မှုကုန်ကြမ်း အများအပြားကိုလည်း ဇီဝအရင်းအမြစ်များမှ တိုက်ရိုက်ရရှိနေခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။ ထို့ပြင် ဇီဝမျိုးကွဲမျိုးစုံများသည် ရေအရင်းအမြစ်၊ သစ်သား၊ စက္ကူ၊ အမျှင် (fiber)နှင့် အစားအစာ စသည့် အရင်းအမြစ်များ၏ လုံခြုံစိတ်ချမှုတွင်လည်း အလွန်အရေးပါပါသည်။ ထို့ကြောင့်ပင် ဇီဝမျိုးကွဲမျိုးစုံများ၏ ဖော်ပြပါ အရေးပါမှုများကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးက ယခုဆယ်စုနှစ် (၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်)ကို **"United Nations Decade on Biodiversity''** အဖြစ် သတ်မှတ်ခဲ့ပါသည်။

ကျေးလက်ဒေသတွင် နေထိုင်ကြသောသူများသည် သဘာဝသစ်တောကြီးများရှိ သစ်တောသယံဇာတများ လျော့နည်းပျက်စီးခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးမြေများ မလုံလောက်မှုကြောင့်လည်းကောင်း ၎င်းတို့၏ နေရင်းဒေသများကို စွန့်ခွာပြီး မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြရာ ၂၀၅၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် လူသုံးဦးလျှင် နှစ်ဦးသည် မြို့ပြများတွင် နေထိုင်ကြလိမ့်မည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါကြောင်း၊ မြို့ပြလူဦးရေတိုးပွားလာသည်နှင့်အမျှ ရေအရင်းအမြစ်၊ လောင်စာ၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အစားအစာများနှင့် အဝတ်အထည်များ ပိုမို၍လိုအပ်လာမည်ဖြစ်သဖြင့် ဇီဝမျိုးကွဲမျိုးစုံများအား ပိုမို၍ထိခိုက်စေနိုင်ပါကြောင်း၊ သဘာဝသယံဇာတလိုအပ်ချက်သည် ၁၉၆၆ ခုနှစ်ကတည်းကပင် နှစ်ဆခန့် မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာပေါ်ရှိ သားငှက်တိရစ္ဆာန်များ၏ အရေအတွက်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ အတွင်း သုံးပုံတစ်ပုံခန့် လျော့နည်းခဲ့ကြောင်း၊ အပူပိုင်းဒေသများတွင် ထက်ဝက်ကျော်ခန့် လျော့နည်းနိုင်ကြောင်း၊ အပူပိုင်းဒေသရှိ ရေချိုဂေဟစနစ်များတွင် ဆုံးရှုံးမှုများသည် ၇၀ ရာခိုင်နှုန်းတိုင် မြင့်မားနိုင်ကြောင်း၊ ကျားကောင်ရေသည်လည်း ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း၊ တရုတ်နိုင်ငံရှိ ယန်ဇီမြစ်မှ ရေချိုလင်းပိုင်များသည် မကြာမီနှစ်များအတွင်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း၊ ကုန်းပိုင်းရှိ ဇီဝမျိုးကွဲမျိုးစုံများသည် အပူပိုင်းဒေသများတွင် ပေါများကြွယ်ဝပြီး ဝင်ရိုးစွန်းဒေသများ၌ နည်းပါးကြောင်း မှတ်သားရပါသည်။

ဝါရှင်တန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပေါင် ၁၈၀၀ (၈၁၈ ကီလိုဂရမ်)ခန့်လေးသော သမင်ကြီးများ(moose)မှသည် အလွန်သေးငယ်သော ကြွက်များ (shrew) အပါအဝင် ကမ္ဘာ့အနောက်ဘက်ခြမ်းတွင် နေထိုင်ကျက်စားလျက်ရှိသော နို့တိုက်သတ္တဝါပေါင်း ၄၉၃ ကောင်ကို လေ့လာခဲ့ပြီး ယင်းလေ့လာချက်အရ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် နို့တိုက်သတ္တဝါများ၏ ဆယ်ပုံတစ်ပုံခန့်သည် ယင်းတို့နှင့်လိုက်လျောညီထွေရှိသည့် ဒေသများသို့ အချိန်မီမပြောင်းရွှေ့နိုင်ကြဘဲ ရှိလိမ့်မည်။ အချို့ဒေသများ၌ ၄၀ ရာခိုင်နှုန်းတိုင် များပြားနိုင်ကြောင်း၊ အချိန်မီမပြောင်းရွှေ့နိုင်ကြသည့် မျိုးစိတ်အချို့သည် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်ရကြလိမ့်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

(၂၁-၅-၂၀၁၂)ရက်နေ့ထုတ် Newsweek မဂ္ဂဇင်းတွင် ပါရှိသော Callum Roberts ရေးသားထားသည့် "The Sorrow Beneath the Sea" ဆောင်းပါး၌ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ Key West ဆိပ်ကမ်းတွင် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ပျမ်းမျှအလေးချိန် ၄၄ ပေါင် (၂၀ ကီလိုဂရမ်/၁၂ ပိဿာ) ခန့်ရှိသော ငါးကြီးများကို ဖမ်းမိခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်သို့ ရောက်ရှိသည့်အခါ ပျမ်းမျှအလေးချိန် ပေါင် ၂၀ (၉ ကီလိုဂရမ်/၆ ပိဿာ)ခန့်သာရှိသော ငါးများကို ဖမ်းမိခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်သို့ ရောက်ရှိချိန်တွင် ပျမ်းမျှအလေးချိန် ၅ ပေါင် (၂ . ၃ ကီလိုဂရမ်/၁. ၅ ပိဿာ)ခန့်သာရှိသည့် ငါးငယ်များကိုသာ ဖမ်းမိတော့ကြောင်း ဖော်ပြထားပြီး ဖမ်းမိခဲ့သောငါးများ၏ အရွယ်အစားများကို ဓာတ်ပုံသုံးပုံဖြင့် နှိုင်းယှဉ်ဖော်ပြထားသည်ကို တွေ့မြင်ရပါသည်။ [ငါးများ၏ အလေးချိန်သည် ဖော်ပြပါ နှုန်းထားအတိုင်းသာ ဆက်လက်၍ကျဆင်းဦးမည်ဆိုပါက ယခုအချိန်(၂၀၁၂ ခုနှစ်)တွင် ငါးများ၏ပျမ်းမျှအရွယ်သည် ၁. ၆ ပေါင်(၄၅ ကျပ်သား) ခန့်သာ ရှိမည်ဖြစ်ပါသည်။] ယခုအခါ လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပါဝင်မှုနှုန်း အလွန်မြင့်မားလျက်ရှိသဖြင့် သမုဒ္ဒရာများက ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုလည်း များ၍နေပါသည်။ ထို့ကြောင့် သမုဒ္ဒရာရေများ အချဉ်ဓာတ်လွန်ကဲလာပြီး မျောလေ့ (plankton) ပေါက်ပွားမှုနှုန်း လျော့ကျလာမည်ဖြစ်ကြောင်း၊ ရေဘူ (jelly-fish) နှင့် ရေမှော်များ ကြီးစိုးလာနိုင်ကြောင်း၊ ယင်းတို့ ပေါက်ပွားနှုန်းမြင့်မားလာသည်နှင့်အမျှ အခြားရေသတ္တဝါများ ပေါက်ပွားနှုန်း လျော့ကျလာနိုင်ကြောင်း၊ ယခုအတိုင်းသာ ဆက်လက်၍သွားမည်ဆိုပါက လူသားများ၏ ငွေကိုအာသာငမ်းငမ်း လောဘဇောတိုက်မှုများကြောင့် နောင်တစ်ချိန်တွင် ငါးလုံးဝမရှိတော့သည့် ပင်လယ်သမုဒ္ဒရာများ ဖြစ်သွားနိုင်ကြောင်း ဖော်ပြထားပါသည်။

ဂေဟစနစ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက်ရှိပါသည်။ မြွေများကို ဖမ်းဆီးရောင်းချမှု များပြားလာသဖြင့် ကြွက်များ ရှင်သန်ပေါက်ပွားမှု များပြားလာခြင်းကြောင့် သီးနှံစိုက်ခင်းများအား ဖျက်ဆီးမှုများပြားခြင်း၊ ကျားရေနှင့် ကျားရိုးများ ဈေးကောင်းမှုကြောင့် ကျားများကို သတ်ဖြတ်မှုများသဖြင့် သမင်၊ ဒရယ် စသည်များ ပေါများလာခြင်းကြောင့် သီးနှံစိုက်ခင်းများအား ဝင်ရောက်စားသောက်ခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းကြောင့် တောတွင်းရှိ ဆင်များ အစားအသောက်ရှားပါးသဖြင့် ရွာများနှင့်နီးသော သီးနှံစိုက်ခင်းများအား ဝင်ရောက်စားသောက်ခြင်း စသည်များသည် သိသာထင်ရှားသည့် သာဓကများ ဖြစ်ပါသည်။ စာရေးသူသည် ဂျာမနီနိုင်ငံ ဂိုတင်ဂင်တက္ကသိုလ်၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်က တက္ကသိုလ်အနီးရှိ ကားလမ်းဘေး အချို့နေရာများတွင် နှစ်ပေခန့်မြင့်သော ပလတ်စတစ်ပိုက် (plastic net) များ ကာရံထားသည်ကို တွေ့မြင်ခဲ့သဖြင့် စူးစမ်းကြည့်ရာ ထိုနေရာအနီးတစ်ဝိုက်တွင် ရေကန်များရှိကြောင်း၊ ရေကန်မှဖားများ လမ်းပေါ်သို့ ဖြတ်ကူးပြီး ကားကြိတ်ခံရမည်စိုးသောကြောင့် ဤသို့ကာရံထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဖားများသေကျေသဖြင့် မည်သူ့ကိုမျှ နစ်နာရန်မရှိကြောင်း အလွယ်စဉ်းစားနိုင်သော်လည်း ဖားများလျော့နည်းသွားပါက ဖားများ၏ အစာတစ်မျိုးဖြစ်သည့် ပိုးမွှားများတိုးပွားလာမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း မြွေများ၏အစာဖြစ်သော ဖားများ လျော့နည်းသွားမည်ဖြစ်ရာ ဤသို့ ဖားများ လျော့နည်းသွားခြင်းကြောင့် ဂေဟစနစ်များအရ မည်သည့်အကျိုးဆက်များ ဖြစ်မည်ကို လေးနက်စွာ စဉ်းစားရန်ဖြစ်ပါသည်။

ထို့ကြောင့် ဇီဝမျိုးကွဲမျိုးစုံများ၏ ဂေဟစနစ်များ ပြောင်းလဲခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိသဖြင့် **လူတိုင်းလူတိုင်း နိုင်ငံကြီးသားစိတ်ဓာတ် မွေးမြူကြပြီး စည်းကမ်းတကျနေထိုင်လျက်** အောက်ဖော်ပြပါအချက်များအတိုင်း ပြုမူဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာ ရောက်ပါသည်။ အထူးတလည် အပင်ပန်းခံ၍ ဆောင်ရွက်ရန် မလိုပါ။ **လူတစ်ဦးချင်း၏ ဆောင်ရွက်မှုသည် သေးငယ်သော်ငြားလည်း နောင်တစ်ချိန်တွင် ကြီးမားသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။**

၁။ ရေအရင်းအမြစ် အပါအဝင် သဘာဝသယံဇာတများကို စနစ်တကျ သုံးစွဲကြပါ။

ရေကို စနစ်တကျ သုံးစွဲကြရန် ဖြစ်ပါသည်။ စနစ်တကျသုံးစွဲခြင်းဆိုသည်မှာ အလျှံပယ်သုံးစွဲခြင်း၊ အလဟဿ ဖြုန်းတီးခြင်းများကို ရှောင်ရှားကြရန် ဖြစ်ပါသည်။ ရေကို စနစ်တကျသုံးစွဲခြင်းဖြင့် မိသားစုတစ်စုလျှင် တစ်ရက် ရေ ၅ ဂါလန်ခန့် သုံးစွဲမှု လျော့နည်းသွားပါက ၎င်းရေများကို ရေမရရှိသည့်ဒေသမှ မိသားစုများ ရရှိမည်ဖြစ်ခြင်းကြောင့် သွယ်ဝိုက်သောနည်းဖြင့် ရေပေးလှူခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်ရေတွင်းနှင့် အဝီစိတွင်းရှိသူများက ရေကို စနစ်တကျသုံးစွဲခြင်းဖြင့် မြေအောက်ရေ (Ground Water)ကို ထိန်းသိမ်းပေးရာ ရောက်ပါသည်။

၂။ လောင်စာနှင့် စွမ်းအင်များကို စနစ်တကျ သုံးစွဲကြပါ။

(က) မည်သည့်လောင်စာကို သုံးစွဲသည်ဖြစ်စေ လောင်စာကုန်ကျမှု သက်သာသည့် စွမ်းအားမြင့်မီးဖိုများ (မီးဖိုကြီးများအပါအဝင်) သုံးစွဲခြင်းဖြင့် လောင်စာကုန်ကျမှု သက်သာစေသည်သာမက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကိုလည်း လျော့နည်းစေနိုင်ပါသည်။

(ခ) ရုံးများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် လျှပ်စစ်မီး၊ ပန်ကာ၊ လေအေးစက် စသည်များကို လိုအပ်သည့် အချိန်၌သာ သုံးစွဲရန်၊ မလိုအပ်ဘဲ ဖွင့်မထားရန်။

(ဂ) လမ်းမီးများနှင့် လုံခြုံရေးမီးများကို ညနေဘက်တွင် မှောင်မှဖွင့်ပြီး မနက်ဘက်တွင် မိုးမလင်းမီ ပိတ်ရန်။

၃။ ပစ္စည်းများကိုပြန်လည်သုံးစွဲပါ။ ဈေးဝယ်သွားသည့်အခါတွင် ထည့်စရာယူသွားပါ။ ပလတ်စတစ်အိတ်များကိုလွှင့်မပစ်ဘဲ သိမ်းထားမည်ဆိုပါက စွန့်ပစ်ပစ္စည်း လျော့နည်းသွားသကဲ့သို့ ပလတ်စတစ်အိတ်ထုတ်လုပ်မှု လျော့နည်းခြင်းကြောင့် စွမ်းအင်သုံးစွဲမှု လျော့နည်းမည် ဖြစ်ပါသည်။ ထို့ကြောင့် ပလတ်စတစ်အိတ်ကဲ့သို့ပင် ပြန်လည်၍ အသုံးပြုနိုင်သော ပစ္စည်းများကို သိမ်းဆည်းထားပြီး ပြန်လည်သုံးစွဲပါ။

၄။ သစ်ပင်ပန်းပင်များ၊ မြက်ခင်းများကို မဖျက်ဆီးပါနှင့်။ ရှင်သန်ကြီးထွားအောင် စောင့်ရှောက်ထိန်းသိမ်းပါ။

၅။ သဘာဝတောများနှင့် သစ်တောစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက်ပါ။ မိမိ၏ ပယောဂကြောင့် သစ်တောသယံဇာတများ မပျက်စီးပါစေနှင့်။

၆။ သစ်ပင်များကို တတ်စွမ်းသမျှ စိုက်ပါ။ စိုက်ပျိုးရန် ကိုယ်ပိုင်မြေကွက်လပ်မရှိပါက ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဘုရားပရဝဏ်၊ ရုံး၊ လမ်းဘေး စသည့်နေရာများတွင် စိုက်ပါ။ အခြားသူများကိုလည်း စည်းရုံးလှုံ့ဆော်ပါ။ စိုက်ပျိုးပြီး သစ်ပင်များကို ရှင်သန်ကြီးထွားအောင် ပြုစုစောင့်ရှောက်ပါ။

၇။ သစ်ရွက်ခြောက်များနှင့် အမှိုက်များကို မီးမရှို့ပါနှင့်။ မြေကျင်းထဲတွင် စုပုံထားပြီး မြေဩဇာအဖြစ် အသုံးချပါ။

၈။ ရေထုညစ်ညမ်းမှု လျော့နည်းစေရန်အတွက် ဓာတ်မြေဩဇာများကို အသုံးမပြုဘဲ သဘာဝဓာတ်မြေဩဇာများကိုသာ အသုံးပြုပါ။

၉။ ရေထုညစ်ညမ်းမှု မဖြစ်စေရန်အတွက် အညစ်အကြေးများ၊ အမှိုက်များနှင့် စွန့်ပစ်ရေများကို မြစ်ချောင်းအင်းအိုင်များသို့ တိုက်ရိုက်မစွန့်ပစ်ပါနှင့်။

၁၀။ သားငှက်တိရစ္ဆာန်များအား ပစ်ခတ်ဖမ်းဆီးခြင်း မပြုပါနှင့်။

၁၁။ ငါးရစ်တက်ချိန်တွင် ငါးမဖမ်းပါနှင့်။ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ကန်များအတွင်းသို့ ငါးသားပေါက်များကို အခါအားလျော်စွာ လွှတ်ပေးပါ။ အခြားသူများကိုလည်း စည်းရုံးလှုံ့ဆော်ပါ။

ကျွန်ုပ်တို့၏ သားစဉ်မြေးဆက် လူသားမျိုးနွယ်များအား **"ကောင်းမွန်သောကမ္ဘာကြီး"** ကို လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် စာရေးသူတို့ လူသားတိုင်းတွင် တာဝန်ရှိပါကြောင်း တိုက်တွန်းနှိုးဆော်လျက် ယခုလာမည့် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်မည့် **"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"** ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အစည်းအဝေး စစ်တွေ၌ကျင်းပ

စစ်တွေ ဇွန် ၂

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အရာရှိများ ပူးတွဲလုပ်ငန်းအဖွဲ့ ဆဋ္ဌမအကြိမ် အစည်းအဝေးကို မေ ၂၉ ရက် ညနေ ၅ နာရီတွင် စစ်တွေဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားတွင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအရာရှိများ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနန္ဒက ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် မြန်မာဘက်မှ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးချက်(၆)ချက်ကို ဆွေးနွေးရာ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Syed Md. Nurul Basir. နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Syed Md. Nurul Basir. က ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ဆွေးနွေးချက်(၅)ချက်ကို ဆွေးနွေးရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးနန္ဒနှင့် သက်ဆိုင်ရာဌာနများမှ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် သတ္တမအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်မြို့၌ ကျင်းပသွားရန် နှစ်နိုင်ငံသဘောတူ သတ်မှတ်ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျဈေးသည်များနှင့် အနေးယာဉ်မောင်းလုပ်သားများ၏ သား သမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကြည့်မြင်တိုင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၁ ရက်က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအတွက် ဗဟိုစံပြဈေးကြီးမှ ငွေကျပ် ၁၆သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးထွန်းဝင်း (ခ) ဦးအာဝါးက ငွေကျပ် ၂၀၀၀၀၀၊ ဦးကာစီ-ဒေါ်ခင်အုန်းမြင့်မိသားစု (မိုးဆေးဆိုင်)က ငွေကျပ် ၁၅၀၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးနှင်းစိန်-ဒေါ်မြမြငြိမ်း(အောင်သိန်းသစ်ဆိုင်) က အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က လက်ခံယူသည်။ **(အောက်ပုံ)**

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုစံနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပညာရေးသုံးပစ္စည်းများနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

မြန်မာ့အလင်း ဘဝတစ်ကွေ့ အတွေ့အကြုံ

ယာဉ်ကြောပိတ်ဆို့ခြင်း ကင်းဝေးစေလိုလျှင်

စိုးမင်း (IT)

ယခုနောက်ပိုင်း ရန်ကုန်မြို့ထဲသို့ ကိစ္စရှိ၍ သွားလာတိုင်း အဆိုးဆုံးကြုံရသည်မှာ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ဖြစ်သည်။ ကျွန်တော်သည် သာမန်အခြေခံလူတန်းစားသာဖြစ်၍ ဘယ်သွားသွား၊ ဘယ်လာလာ ဘတ်စ်ကားသည်သာ မိမိအတွက် အဓိကအားကိုးရာဖြစ်သည်။ ၂၀၀၅ ခုနှစ်မတိုင်မီက ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို သိသာစွာ မခံစားခဲ့ရသော်လည်း ၂၀၁၀ခုနှစ်နောက်ပိုင်းမှစ၍ယာဉ်ကြောပိတ်ဆို့မှုမှာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလာသည်။ အဓိက ပိတ်ဆို့သည့်နေရာများမှာ လူစည်ကားသော လမ်းဆုံကြီးများ၏ မီးပွိုင့်များတွင်ဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့မှုများလာခြင်းမှာ နိုင်ငံခြားမှ ကားသစ်များတင်သွင်းမှု များလာသောကြောင့်ဟူ၍ အချို့က ပြောကြသည်။ မှန်သင့်သလောက် မှန်သော်လည်း ယာဉ်ကြောပိတ်ဆို့စေသည့် အခြားအကြောင်းခြင်းရာများစွာလည်း ရှိပေသည်။ ယာဉ်မောင်းများ၏ စည်းကမ်းမဲ့မှုကြောင့်သော်လည်းကောင်း၊ လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့မှုကြောင့်သော်လည်းကောင်း၊ လမ်းဘေးဈေးသည်များ၏ စည်းကမ်းမဲ့မှုကြောင့်သော်လည်းကောင်း ယာဉ်ကြောပိတ်ဆို့မှု များသထက်များလာနေသည်။

ယာဉ်ကြောပိတ်ဆို့စေသည့် အကြောင်းအရင်းများထဲမှ တစ်ခုဖြစ်သည့် မော်တော်ယာဉ်မောင်းအချို့၏ စည်းကမ်းမလိုက်နာခြင်းတွင် ဘတ်စ်ကား ယာဉ်မောင်းအချို့မှာ အဆိုးဆုံးဖြစ်သည်။ မှတ်တိုင်မှာ ကြာမြင့်စွာရပ်၍ ခရီးသည်တင်ကြသည်။ ထိုအခါ မော်တော်ယာဉ်သုံးစီး သွားနိုင်သောလမ်းမှာ နှစ်လမ်းသာ အသုံးပြုနိုင်ပြီး မော်တော်ယာဉ်နှစ်စီးတည်းသာ သွားနိုင်တော့သည်။ ထိုမျှမကသေး၊ ဘတ်စ်ကားများမှာ မှတ်တိုင်တွင်ဘေးချမရပ်ဘဲ အလယ်ယာဉ်ကြောတွင်ပါ ယာဉ်နှစ်ထပ်ပိတ်ရပ်၍ ခရီးသည်တင်ချနေကြသည်ကို ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်များနှင့် မီးပွိုင့်အချို့တွင် မကြာခဏတွေ့နေရသည်။ ဒါတင်မကသေး မီးပွိုင့်နှင့်နီးသော လူစည်ကားသည့်မှတ်တိုင်များတွင် မီးပွိုင့်သို့သွားရာ အစွန်ဆုံးလက်ယာဘက်ယာဉ်ကြောတစ်လျှောက် ဘီးကိုတစ်လှိမ့်ချင်းလှိမ့်မောင်းကာ ခရီးသည်ခေါ်တင်နေကြသေးသည်။ ပုံမှန်အတိုင်းမောင်းလျှင် ပွိုင့်လွတ်နိုင်ပါလျက်နှင့် နောက်တစ်ပွိုင့်မိအောင် စောင့်မောင်းသောကြောင့် ၎င်းဘတ်စ်ကားများနောက်မှ ကပ်ရပ်မောင်းလာသော မော်တော်ယာဉ်များမှာ ပွိုင့်နားနီးနေသဖြင့် ရှေ့မှဘတ်စ်ကားကို ကျော်မတက်နိုင်ဘဲ နောက်မှမှေးမောင်းရတော့သည်။ ထိုပုံစံအတိုင်း ဆင့်ကဲ ဆင့်ကဲဖြစ်လာသောအခါ ခဏချင်းအတွင်းမှာပင် ယာဉ်တန်းရှည်ကြီး ဖြစ်ပေါ်လာပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရသည်။ ဘတ်စ်ကားယာဉ်မောင်းများအနေဖြင့် မိမိဘက်တစ်ခုတည်းကိုကြည့်၍ နောက်တွင် ဘာဖြစ်နေနေ ဂရုမစိုက်ဘဲ ရှေ့မှပိတ်မောင်းနေခြင်းကြောင့် ခရီးသွားပြည်သူအပေါင်းမှာ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို နေ့စဉ်ပင် စိတ်ပျက်အောင် ခါးစည်းခံနေရသည်။ ဘတ်စ်ကားယာဉ်မောင်း အချို့သည် သတ်မှတ်ထားသော မှတ်တိုင်နေရာတွင်သာရပ်၍ ခရီးသည်အတင်အချလုပ်ခြင်း၊ မှတ်တိုင်တွင် တင်/မောင်းစနစ်ကျင့်သုံးခြင်း၊ မီးပွိုင့်တွင်ခရီးသည် အတင်အချမလုပ်ခြင်း အစရှိသည့် စည်းကမ်းများကို အတိအကျလိုက်နာမည်ဆိုလျှင် ယာဉ်ကြောပိတ်ဆို့မှုမှ အထိုက်အလျောက် သက်သာရာရနိုင်သည်။

နောက်တစ်ချက်က အချို့သော လမ်းအသုံးပြုသူများကြောင့်ဖြစ်သည့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်သည်။ လမ်းအသုံးပြုသော ခရီးသွားပြည်သူများမှာ လူကူးတံတားများ၊ မျဉ်းကျားများရှိပါလျက်နှင့် အလွယ်တကူပင် ကြုံသည့်နေရာမှ ဖြတ်သလိုဖြတ်ကူးကြသည်။ တစ်ခါတစ်ရံ လမ်းဖြတ်ကူးသူ လူအုပ်များသောကြောင့် မော်တော်ယာဉ်များမှာ မျဉ်းကျားမဟုတ်ပါဘဲနှင့်ရောက်သည့်နေရာတွင် ကြုံသလိုရပ်ပေးထားရသောကြောင့် ယာဉ်တန်းရှည်ကြီးဖြစ်လာကာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ရပြန်သည်။ လမ်းအသုံးပြုသူများအနေဖြင့် လူကူးတံတားများ၊ မျဉ်းကျားများမှသာ စည်းကမ်းရှိစွာ လမ်းဖြတ်ကူးပါလျှင် ယာဉ်ကြောပိတ်ဆို့မှုလျော့ကျစေနိုင်သည့်အပြင် ယာဉ်မတော်တဆမှုများမှလည်း ကင်းဝေးစေနိုင်သည်။ တစ်ဖက်မှကြည့်လျှင်လည်း မော်တော်ကားယာဉ်မောင်းများမှာ မျဉ်းကျားတွင် တော်ရုံတန်ရုံရပ်မပေးချင်ကြပါ။ မျဉ်းကျားပေါ်တွင် လမ်းကူးရန် လူအုပ်ကြီးက စောင့်နေသော်လည်း မော်တော်ကားအချို့မှာ မျဉ်းကျားရောက်ခါနီးမှ အရှိန်ပိုမြှင့်ကာ လူတွေဖြတ်မကူးမီ အတင်းလွတ်အောင်ဖြတ်မောင်းနေကြသည်ကို မကြာခဏတွေ့ရှိနေရသည်။ လမ်းကူးမည့်သူများအနေဖြင့် လမ်းဖြတ်ကူးရန် အချက်ပြမီးစိမ်းနေသော်လည်း လမ်းဖြတ်မကူးရ၊ မော်တော်ကားတွေက မျဉ်းကျားကမီးနီနေတာ ဂရုမစိုက်ဘဲ ဖြတ်မောင်းနေကြသောကြောင့်ဖြစ်သည်။ ဤကဲ့သို့ အချက်ပေးမီးရှိသော လူကူးမျဉ်းကျားများတွင် ပွိုင့်မှ ညွှန်ပြပေးသော အချက်ပြအတိုင်း လိုက်နာအသုံးပြုရန် မော်တော်ကားယာဉ်မောင်းများနှင့် လမ်းဖြတ်ကူးသူများ နှစ်ဖက်စလုံးက စည်းကမ်းရှိဖို့လိုပါသည်။

ယာဉ်ကြောပိတ်ဆို့ရခြင်း၏ နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ လမ်းဘေးဈေးသည်များ၏ စည်းကမ်းမဲ့မှုကြောင့်ဖြစ်သည်။ လမ်းဆုံကြီးများတွင် လမ်းဘေးဈေးသည်များမှာ လူသွားစင်္ကြံများပေါ်တွင် ခင်းကျင်း၍သော်လည်းကောင်း၊ ဆိုင်ခန်း အမိုးအကာများတည်ဆောက်၍သော်လည်းကောင်း ရောင်းချနေကြသောကြောင့် လမ်းအသုံးပြုသောခရီးသွားများမှာ ကားလမ်းမပေါ်ဆင်းလျှောက်ရသည်။ ထိုအခါ မော်တော်ယာဉ်များမှာ ကားလမ်းပေါ်မှလူများကြောင့် ဖြည်းညင်းစွာ ဘီးလှိမ့်မောင်း၊ ရှောင်မောင်းရသည့်အတွက် ၎င်းနေရာတွင် အချိန်တိုအတွင်း မော်တော်ယာဉ်များပြားလာကာ လမ်းကျပ်သွားတော့သည်။ ၎င်းအပြင် ကားလမ်းမပေါ်တွင်ပါ ခင်းကျင်းရောင်းချသော ဈေးသည်များကြောင့် အသုံးပြုနိုင်သော ယာဉ်ကြောနည်းပါးသွားပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရသည်။ လမ်းဘေးဈေးသည်များမှာ ဆိုင်ခန်းမရှိ၍ လမ်းပေါ်တွင် ဈေးရောင်းစားနေရသည်ကို နားလည်ပေးနိုင်သော်လည်း ကားလမ်းမပေါ်ထိ နေရာယူရောင်းချနေမှုမှာ ယာဉ်ကြောများဆိုးရွားစွာ ပိတ်ဆို့စေသည့်အပြင် ၎င်းတို့ကိုယ်တိုင်အတွက်ပါ မော်တော်ယာဉ်မတော်တဆမှုအတွက် အန္တရာယ် အများဆုံးနေရာဖြစ်ကြောင်း သိရှိနားလည်သင့်ပါသည်။ အဆိုပါလမ်းဘေးဆိုင်များမှာ မီးပွိုင့်ဧရိယာတွင် လုံးဝမရှိသင့်သော်လည်း အခြေခံလူတန်းစားများ၏ စီးပွားရေး အခြေအနေအရ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုသလို ကားလမ်းမပေါ် မရောက်စေဘဲ စည်းကမ်းရှိစွာ နေရာကို အသုံးပြုသင့်ပါကြောင်း သတိပြုဆင်ခြင်ဖွယ် အကြံပြုရေးသားလိုက်ရပါသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးမိုးဟိန်း တာဝန်ရှိသူတစ်ဦးအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (ခရိုင် ထွေ/အုပ်)

မွန်ပြည်နယ် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂

မွန်ပြည်နယ် ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၃၁ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးငြိမ်းက ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး ဧည့်သည်တော်များနှင့်အတူခင်းကျင်းပြသထားသော အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါး၊ မိုးသီးနှံစိုက်ပျိုးရေးနှင့် ဆန်ဖူလုံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က ၂၀၁၂-၂၀၁၃ ခုနှစ် မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပြီး မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အုပ်ချုပ်ရေးမှူးများက ပြီးခဲ့သည့်နှစ်၌ စပါးစိုက်ပျိုးနိုင်မှုနှင့် ဒေသဆန်ဖူလုံမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြ၍ မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်/ကျေးရွာအလိုက် ဒေသဆန်ဖူလုံမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက အထွေထွေ ကိစ္စရပ်များ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

တောင်သာ ဇွန် ၂

တောင်သာမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီအနေဖြင့် မြို့နယ်အတွင်းရှိ အဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ငွေသားထောက်ပံ့ ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၈ နာရီခွဲက မြို့နယ်စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းက ဆန်၊ ဆီ၊ ငွေသား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသောအဖွဲ့ဝင် ၁၈၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၈၃၀၀ တန်ဖိုးရှိ ဆန်တစ်အိတ်နှင့် နှမ်းဆီသန့် တစ်ပိဿာ ထောက်ပံ့ပေးအပ်ရာ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်၃၆၅၄၀၀၀ဖြစ်သည်။ တောင်သာမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီအနေဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ နှစ်စဉ်ထောက်ပံ့ခဲ့သောစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၇၆၅၄၀၀၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

ရန်ကုန် ဇွန် ၂

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းသုံးပစ္စည်းအပါအဝင် ငွေသားလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထက(၁) ရွှေပြည်ရတနာခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးသက်ဦးက ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ပညာရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသုံးပစ္စည်းနှင့် ငွေလှူဒါန်းပွဲကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းအေးက ပညာရေးဝန်ကြီးဌာနက မူလတန်းအဆင့်အတွက် ငွေကျပ် ၂၈၉၅၆၀၀၀ တန်ဖိုးရှိ ဖတ်စာအုပ်နှင့် လေ့ကျင့်ခန်း စာအုပ် ၁၄၄၇၈ ဒါဇင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ၁၁၅၀၀၀၀၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က စာအုပ် ဒါဇင် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၅၀၀၀၀ နှင့် အခြား အလှူရှင်များက လှူဒါန်းငွေများကို မြို့နယ် ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(၁၆၆)

တိုင်းရင်းသား ရင်သွေးငယ်များအား ရှင်သာမဏေပြု

မူဆယ် ဇွန် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲတွင် မေ ၂၅ ရက် နံနက်ပိုင်းက ပန်ဆိုင်း (ကြူကုတ်)မြို့ ထေရဝါဒတောင်တန်းသာသနာပြုဌာန ဘုန်းတော်ကြီးကျောင်းကုန်းမြေရှိ လေးကျွန်းဒီပါဆုတောင်းပြည့်စေတီတော်အနီး မဏ္ဍပ်တွင် ရှင်ပြုပွဲ အခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရေဦးမြို့ မိုးကောင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမညာဏာဘိဝံသ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် ပင့်ဖိတ်ထားသော သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး အလှူပွဲကို ပင်မအလှူရှင် ဦးနိုင်ဝင်းဇော်-ဒေါ်နွေးနွေး (လင်းထွန်းသစ်သီးပွဲရုံ-မိသားစု)နှင့် အလှူရှင်များက ဦးစီးကျင်းပခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) သိန်းဇော်(ရွှေလီဦး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဘိလိယက်ခုံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ တိုက်(၁၃)ဘေးရှိ ဘိလိယက်ခုံသည် နောက်ဖေးလမ်းကြားနေရာကိုပိတ်၍ တည်ဆောက်ထားသဖြင့် နောက်ဖေးလမ်းကြား သန့်ရှင်းရေးပြုလုပ်ရန်နှင့် ဝင်ထွက်ရန် အခက်အခဲတွေ့နေရသည့်အပြင် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပြည်ရိပ်မွန်သား

ရေဆိုးနှင့် ညှော်နံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းဘေးရှိ ဆန်စက်မှ ဂက်စ်ဓာတ်ငွေ့သုံးစပါးခွံစက် လည်ပတ်ရာမှထွက်ရှိလာသော ညှော်နံ့ဆိုး၊ ရေဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်လတ်သူ

လမ်းများပျက်စီးနေလို့ ပြုပြင်ပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သုဓမ္မာလမ်းနှင့် ဝေဘာဂီလမ်းဆုံရာ (၆-ကွေ့)မှ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်အထိ လမ်းများမှာ ကားများသွားလာ၍ မရအောင် ပျက်စီးယိုယွင်းနေပါသဖြင့် လမ်းသွားလမ်းလာများ သွားလာရခက်ခဲနေပါသောကြောင့် လမ်းများကောင်းစေရေးအတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောင်းသူတစ်ဦး

သဲကုန်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

သဲကုန်း ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သာဓုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဌာနမှ အခမဲ့ဖြန့်ဝေလှူဒါန်းသည့် ဗလာစာအုပ်များနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာများက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

စိန်နန်းတော်
မိုးရာသီ အထူးစိန်အရောင်းပွဲတော်
ဇွန် ၂ ရက်မှ ၇ ရက်နေ့အထိ
စိန်ဝယ်ယူသူတိုင်းအတွက်
Amazing Sales
5% to 30% Off
■ကျပ် ၁၀ သိန်းဖိုးဝယ်လျှင် ကျပ် ၁၀၀၀၀ + ပုလဲဆွဲသီး
■ကျပ် ၂၅ သိန်းဖိုးဝယ်လျှင် ကျပ် ၂၅၀၀၀ + MP3
■ကျပ်သိန်း ၅၀ ဖိုးဝယ်လျှင် ကျပ် ၅၀၀၀၀ + EDVD
■ကျပ်သိန်း ၁၀၀ ဖိုးဝယ်လျှင် ကျပ် ၁ သိန်း + GSM Hand Set
Hire Purchase System
GIA Certificate စိန်များလည်း ရရှိနိုင်ပါသည်
Junction Square Shopping Center

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနေ
ဦးတင်မြင့်(ခ)ဦးပန်(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်)-ဒေါ်ခင်ဌေးမြင့်တို့၏ သားကြီး

ဗိုလ်စိုးမိုးအောင်

M.B.,B.S(D.S.M.A)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊တွံတေးမြို့၊ ဗိုလ်မှူးစိန်လွင်လမ်းနေ
ဦးဝင်းကြိုင်(ဝါးခနီရောင်းဝယ်ရေး)-ဒေါ်လှမြင့်တို့၏ သမီးငယ်

မဝင်နီကို

B.A(Eco)

တို့၏ ၂၃-၄-၂၀၁၂ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော စမ်းချောင်းမြို့နယ် တရားသူကြီးဒေါ်သီသီဦးအားလည်းကောင်း အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်ကျော်(ရွှေကုန်သည်)နှင့် ဒေါ်အေးစန္ဒာ(စိန်ရွှေရတနာ)တို့အား လည်းကောင်း၊ ၂၈-၄-၂၀၁၂ရက် တွံတေးမြို့နေအိမ်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကပ်ပွဲ၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အားလည်းကောင်း၊ ၂၇-၅-၂၀၁၂ ရက် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော မန္တလေးမြို့မှ ရွှေကုန်သည် ဦးဝင်းစိန်နှင့်ဇနီး ဒေါ်သန်းသန်းဝင်းအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မြင့်အောင်(ငြိမ်း) (ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်တင်မာဝေတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မြကေခိုင်၊ မင်္ဂလာပန်းကုံးကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ်များ ကိုင်ဆောင်ပေးပါသော မလင်းစန္ဒာထိုက်နှင့် မဖြိုးပပကျော်တို့အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်အောင်ဇော်မြင့်နှင့် သတို့သမီးအရံ မခင်နွယ်နွယ်ဝင်း၊ မိတ်ကပ်ဆံပင်အလှ ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံ ပြည့်စိုးအောင်၊ ပန်းအလှပြင် ကိုခင်မောင်ဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများ ဖျော်ဖြေပေးပါသော Cupid တေးဂီတ၊ ဓာတ်ပုံဝဏ္ဏခွာနီး၊ Pre-wedding Photo Forever Wedding Dress နှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးပါသော ကိုဝင်းသက်အောင်နှင့်ဇနီး မပုံတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်စိုးမိုးအောင်-မဝင်နီကို

ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(F)မှ မရွှေစင်မြတ်၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင်ဦး ဖြစ်ပါကြောင်း။
ဦးစိုးလွင်ဦး ၉/ပမန(နိုင်)၀၀၃၈၉၁

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်မှန်

ဦးဆန်းသစ်ကျော်၏သမီး ကျိုက္ကမီမြို့နယ် ကြီးအုပ်ကျေးရွာတွင် နေထိုင်လျက်ရှိသော မအေးဖြူ ၁၀/ကမရ(နိုင်)၀၉၂၁၄၅ အား မအေးဖြူဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးဖြူဖြူ

အမည်မှန်

ဦးသိန်းထွန်း၏သမီး ကျိုက္ကမီမြို့နယ် ကြီးအုပ်ကျေးရွာတွင် နေထိုင်လျက်ရှိသော မနှင်းဖြူ ၁၀/ကမရ(နိုင်)၀၉၂၁၄၄ အား မနှင်းဖြူဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနှင်းဖြူဖြူ

မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကောင်းဆုံး ပုဂ္ဂလိကတက္ကသိုလ်
VICTORIA UNIVERSITY COLLEGE
Engineering/ Business/ ဆေး /Computing - HND နှင့် တက္ကသိုလ်ဘွဲ့များ

မွေးနေ့မင်္ဂလာဆုတောင်း

ဦးထွန်းလင်းသောင်း

(Vice Chairman Aung Thaung Co., Ltd.)

(M.D Yangon Transformer & Electrical Co., Ltd.)

၃-၆-၂၀၁၂ ရက်တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ။

အောင်သောင်းကုမ္ပဏီလီမိတက်(ရုံးချုပ်) ဝန်ထမ်းမိသားစု

ရန်ကုန်ထရန်စဖော်မာလျှပ်စစ်ပစ္စည်းကုမ္ပဏီလီမိတက် စက်ရုံဝန်ထမ်းမိသားစု

အောင်သောင်းကုမ္ပဏီလီမိတက်နှင့် ရန်ကုန်ထရန်စဖော်မာဝန်ထမ်းမိသားစု (နေပြည်တော်ရုံးခွဲ+မန္တလေးရုံးခွဲ)

မင်္ဂလာဆုမွန်လွှာ

ချစ်တူမလေး ယဉ်သူဆွေနှင့် ချစ်တူလေး မျိုးဇင်မောင်ရဲ့ ၇-၅-၂၀၁၂ရက် မင်္ဂလာခရီးအစမှသည် နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို တူယှဉ်လက်တွဲ မခွဲမခွာ ချစ်ကြင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ဖေချို - ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဝင်း(ငြိမ်း)
မေမာ - ဒေါ်မာမာသိန်း
ကိုကို - ကျော်ဇေယျထွန်းဝင်း-ဒေါက်တာသိမ့်မျက်သွယ်
တူလေး - ဟိန်းဇေယျာထွန်းဝင်း
ညီမလေး - ယုဇနထွန်းဝင်း-ကိုဝင်းမောင် (ရွှေစလွယ်ကုမ္ပဏီ)
ဖေဇော် - ဦးဇော်ကြီး-တီဇာ (အကယ်ဒမီမေသန္တာဦး)
မောင်လေး - မင်းသန့်ကျော်၊ မင်းသုခိုင်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ မောရဂီဝါရပ်နေ
ဦးမြင့်ဆွေ(တာဝန်ခံအရာရှိ၊ အမှတ်-၃ သတ္တုတွင်း၊ မန္တလေးရုံးခွဲ)-
ဒေါ်နွယ်နွယ်သိန်း(ဒုတိယညွှန်ကြားရေးမှူး၊
မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာပြည့်ဖြိုးမြင့်သိန်း

B.D.S(MDY)၊ Dip.D.Sc(GP)

ပုလဲမာလာ သွားနှင့်ခံတွင်းဆေးခန်း

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကံ့ကော်လမ်းသွယ်နေ
ဗိုလ်မှူးခင်ကျော်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊
စည်ပင်သာယာရေးအဖွဲ့၊ ငြိမ်း)-ဒေါ်နန်းမြဆန်းထွေးတို့၏ သမီးကြီး

ဒေါက်တာနန်းအိကျော်သူ

B.D.S (MDY)

ပုလဲမာလာ သွားနှင့်ခံတွင်းဆေးခန်း

တို့၏ ၂၄-၅-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် မြို့လယ်ရွှေစည်းခုံပရိယတ္တိစာသင်တိုက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်၍ လက်ဖွဲ့များပေးသော ရှမ်း(မြောက်)မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂-၆-၂၀၁၂ ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့်ဇနီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းဌေး၊ မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဇနီး၊ ပါမောက္ခကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်တကွ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့သော အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြိုပေးပါသော နန်းမိုင်ထွေးသူအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ Oriental House မှ မန်နေဂျာ ဦးအေးနိုင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာပြည့်ဖြိုးမြင့်သိန်း-ဒေါက်တာနန်းအိကျော်သူ



အမည်ပြောင်း

ဦးမျိုးအောင်၏သမီးနှင့် သားဖြစ်သော မြောင်းမြအထက(၁)ပဉ္စမတန်း(D)မှ မအေးချမ်းဖြိုးအား မယွန်းသီရိဝေဟုလည်းကောင်း၊ ဒုတိယတန်း(B)မှ မောင်ဟိန်းထူးဇင်အား မောင်ကောင်းမြတ်လင်း ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

လူပျောက်

အထက်ပါဓာတ်ပုံပိုင်ရှင် ဦးဝင်းမြိုင်(ဘ)ဦးဒိုလ်ဟင်၏သားသည် ၂၃-၅-၂၀၁၂ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
(ထင်ရှားသည့် အမှတ်အသားမှာ ညာဘက်လက်ညှိုး အရင်းမှပြတ်၊ ဝဲဘက်မျက်လုံးအောက် အမာရွတ်ရှိ)
(ကျေးဇူးဆပ်ပါမည်)
ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၇၁၁၇၇၃၂၊ ၀၉-၆၈၀၁၅၂၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး(လုံးချင်း)၊ မြေကွက်အမှတ်၈၊မြေကွက်တည်နေရာ အမှတ် ၁၆၊စိန်ပန်းလမ်း၊ ကြီးပွားရေးရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်ဒေါ်စန္ဒာဝင်း၁၂/မတထ(နိုင်)၀၉၁၀၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်စန္ဒာဝင်းထံမှအထူးကိုယ်စားလှယ်လွှဲစာအမှတ်၅၆၇၇/၂၀၀၇ ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖြိုးမင်းဟန် ၁၂/တမန(နိုင်)၀၉၇၇၆၈ကပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှား ရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ် ၈၄၄/၁၂ / ၅-၃-၁၂ ကို တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အမည်ဖြည့်စွက်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ် ၁၅၊ ခေမာလမ်းနေ ဦးမောင်သန်း(ခ)စီဝင်တန် ၁၂/လမတ(နိုင်)၀၂၉၅၅၆ ၏သား မောင်ဇော်ဝင်း(ခ) ခင်ဇော်အား မောင်ဇော်ဝင်း(ခ)ခင်ဇော်(ခ)အဲလက်ဇော်ဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ဇော်ဝင်း(ခ)ခင်ဇော်(ခ)အဲလက်ဇော်ဝင်း

အမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၂၆၊ ၂၀(က)ရပ်ကွက်၊ လှော်ကားလမ်းနေ ဦးမျိုးညွန့်-ဒေါ်မြခင်တို့၏သမီး ရွှေဝါပြုံး S/OKA-၀၆၃၄၄၂ သည် အသက်ကြီးရင့်ကြပြီဖြစ်သော မိဘအိုကြီးများကို တစ်သက်လုံး စိတ်ဆင်းရဲမှုဖြစ်ပွားနိုင်လောက်အောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ၎င်းအား ယနေ့မှစပြီး အမွေခံသမီးအဖြစ်မှ လုံးဝ(လုံးဝ)စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
(မရွှေဝါပြုံးနှင့်ပတ်သက်သော ကိစ္စများကို စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ ဦးမျိုးညွန့်-ဒေါ်မြခင်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ(၃)တွင် နေထိုင်သော မောင်ကျော်ဇေယျာထွန်း ၉/တကန(နိုင်)၁၈၄၀၂၃သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးသိန်း ၉/တကန(နိုင်)၀၃၀၆၁၁

မင်္ဂလာညှိခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ
ဦးမောင်မောင်တင် (ဒဂုံဝင်း စက္ကူစက်နှင့် စက္ကူရောင်းဝယ်ရေး)-ဒေါ်ယဉ်စိန်
တို့၏ သားကြီး

မောင်ဇော်ဝင်းထွန်း

Senior Associate Engineer(Factory Automation Engineering)
Global Foundries Semiconductor(Singapore)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ
ဦးခင်မောင်လင်း(အင်ဂျင်နီယာချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-
ဒေါ်နုနုလှိုင်တို့၏ သမီးကြီး

မမေသူလင်း

Accounts Executive- Excel Precast Pte., Ltd.(Singapore)

တို့၏ ၂၃-၅-၂၀၁၂ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့အားလည်းကောင်း၊ ၂၇-၅-၂၀၁၂ ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှိခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် ဇနီး ဒေါ်ခင်မာဆွေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ဇနီး ဒေါ်တင်မေသိန်း၊ မင်္ဂလာအခမ်းအနားသို့ မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ခဲ့ပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ဇနီးအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဇနီးအားလည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးရန်ပိုင်စိုးအားလည်းကောင်း၊ Emperor တီးဝိုင်းကို မေတ္တာဖြင့်လက်ဖွဲ့ပေးပါသော တေးရေးဆရာ ဦးဝင်းမင်းထွေးအား လည်းကောင်း၊ မိတ်ကပ်ဆံပင်တော်ဝင်သူလင်းလင်းနှင့်အဖွဲ့၊ Designer တော်ဝင်သူနှင့် မြင့်စိုးအောင်၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Seven Picture နှင့်အဖွဲ့၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်တော် ကျွန်မတို့၏ မင်္ဂလာညှိခံပွဲတွင် လိုအပ်ချက်များရှိခဲ့သည်ကိုလည်း အနူးအညွတ် တောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်းထွန်း-မမေသူလင်း

အသက်(၁၀၃)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်လှစွာသော ကြီးကြီးသန်း၏ ၃-၆-၂၀၁၂ရက်တွင် ကျရောက်သော (၁၀၃) နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာသော မွေးနေ့ရက်များတွင် တူ၊ တူမ၊ မြေး၊ မြစ်များအား နည်းကောင်းလမ်းမှန်များဖြင့် ဆုံးမသွန်သင်ရင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ ပျော်ရွှင်နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ တရားဘာဝနာများ အားထုတ်နိုင်ပြီး အတိုင်းအဆမဲ့ ချမ်းသာတကာတို့ထက် အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်သို့ တက်လှမ်းနိုင်ပါစေ-

ချစ်သောညီမ-ဒေါ်ညွန့်ညွန့်သိန်းနှင့်
တူ၊ တူမ၊ မြေး၊ မြစ်များ

ရွှေရတုမင်္ဂလာ

ချစ်ဖေဖေ ဦးကျော်ဝင်း (ဦးစီးအရာရှိ၊ ငြိမ်း၊ PPE) ချစ်မေမေ ဒေါ်တင်တင်ရင် (ငြိမ်း၊ PPE)တို့၏ ၃-၆-၂၀၁၂ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်သော သားသမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ-

- **ဦးနိုင်ဝင်း AGTI (EC) - ဒေါ်သီဂီစိုး B.Tech (EC), B.Sc (Phys:) နည်းပညာတက္ကသိုလ်၊ ပုသိမ်**
- **ရဲအုပ်သန့်ဆွေ B.Sc (Phys:) စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်ရဲတပ်ဖွဲ့ - ဒေါ်မူမူဝင်း B.Sc (Phys:) အထက(၃)၊ ဒဂုံ**
- **Capt နိုင်အောင် (Marina Shipping-ဒေါ်အေးအေးဝင်း B.A (Geog:)**
- **အရာခံဗိုလ်ဇော်မင်းအောင် B.A (Geog:) နေပြည်တော် - ဒေါ်နွယ်နွယ်ဝင်း B.A (Hist:) ဆသရ**

ချစ်မြေးများ-

- **မောင်ကောင်းထက်ကျော်၊ မောင်နိုင်ထွန်းအောင်**
- **မချောစုသော်တာ၊ မောင်ကျော်စည်သူဟိန်း၊ မောင်သက်ထွန်းအောင်**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဘုဏ်ထွန်းဦး၏ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊(စျ)ရပ်ကွက်၊အကွက် လလ/၆၂၊မြေကွက် ၅၅နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၀၁-၃၉၅၃၁၅၊ ၃၈၉၈၆၀**

ကားရောင်းမည်

TOYOTA-HILUX (SURF) (2006 MODEL), SSR G
2700 CC, PEARL WHITE, GASOLINE, GRADE :4.5 A
ပစ္စည်းစုံ၊ ကားကောင်း/ ဈေးနှုန်း ကျပ်သိန်း-၅၅၀ ညှိနှိုင်း

HONDA-CRV(2001 MODEL)
2000 CC, PEARL WHITE, GASOLINE, GRADE :4.5 A
ပစ္စည်းစုံ၊ ကားကောင်း/ ဈေးနှုန်း ကျပ်သိန်း-၂၅၀ ညှိနှိုင်း

ရုံးချိန်အတွင်း
ဖုန်း-၀၁-၃၇၃၄၈၃၊ ၀၁-၂၉၆၅၆၈

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

ဂမုန်းပွင့် ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံတွင် လက်လီအရောင်းဆိုင်လုပ်ငန်းများအားလုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ကုမ္ပဏီသည်အောက်ဖော်ပြပါ ရာထူးနေရာအတွက် အောက်ဖော်ပြပါအရည်အချင်းရှိသူတစ်ဦးအလိုရှိပါသည်-

(၁) **ခန့်အပ်မည့်ရာထူးအမည်**- Human Resources Manager ကျား/မ (၁)ဦး
(၂) **လိုအပ်သည့်အရည်အချင်းများ**

(က) Human Resources ဘာသာရပ်(သို့မဟုတ်) Business Administration ဘာသာရပ်(သို့မဟုတ်)ယခုလုပ်ငန်းနှင့်ပတ်သက်သည့်ဘွဲ့၊ ဒီဂရီတစ်ခုခုရရှိထားပြီး အသက်(၃၀)မှ (၅၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
(ခ) Human Resources Manager and Development လုပ်ငန်းများတွင် အနည်းဆုံး(၃)နှစ် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိရမည်။
(ဂ) အလုပ်သမားရေးရာနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နားလည်ထားသူ ဖြစ်ရမည်။
(ဃ) ကုမ္ပဏီ၏ အနာဂတ်အမြင်များ၊ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်လုပ်ဆောင်နေမှုများကို ဝန်ထမ်းများသိရှိနားလည်သဘောပေါက်ပြီး နီးကြားတက်ကြွစွာ လုပ်ဆောင်ကြစေရန် ၊ စနစ်တကျဆက်စပ်ပေါင်းကူးညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။
(င) ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေးများတိုးတက်မြင့်မားကောင်းမွန်လာစေရေးအတွက် အဆင့်ဆင့်သော ဝန်ထမ်းများနှင့် လိုက်လျောညီထွေရှိမည့် သင်တန်းများကို ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်စွမ်းရှိပြီးသက်ဆိုင်ရာဘာသာရပ်များကိုလည်း သင်ကြားပို့ချနိုင်ရမည်။
(စ) ရင်ဆိုင်တွေ့ကြုံရသော ပြဿနာများ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး ကြုံတွေ့လာသည့် အခက်အခဲများကို ကောင်းမွန်စွာရင်ဆိုင်ဖြတ်ကျော်၍ ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်သည့် ကိုယ်ပိုင်စွမ်းရည်အပြည့်အဝရှိသူဖြစ်ရမည်။
(ဆ) လုပ်ငန်းခွင်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ တိကျပြတ်သားစွာ ရှင်းလင်းပြောဆိုနိုင်ပြီး ပိုမိုတိုးတက်ကောင်းမွန်သောအကြံသစ်၊ ဉာဏ်သစ်များကိုတင်ပြနိုင်ခြင်းရှိရမည့်အပြင် အစီရင်ခံစာများကိုလည်း အချက်အလက်အထောက်အထားပြည့်စုံစွာဖြင့် ရေးသားတင်ပြနိုင်စွမ်းရှိရမည်။

(၃) ဖော်ပြပါ ရာထူးနေရာအတွက် တာဝန်ယူလုပ်ဆောင်ရန် လျှောက်ထားလိုသူများသည် မျှော်မှန်းလစာ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊(၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထား မိတ္တူ၊လုပ်ငန်းအတွေ့အကြုံ ထောက်ခံချက်တို့နှင့်အတူ အမှတ်၂၄၅၊ ဗားဂရာလမ်း၊ မြေနီကုန်း၊စမ်းချောင်းမြို့နယ်သို့ ၁၀-၆-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့လျှောက်ထားနိုင်ပါသည်။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် စင်ကာပူနိုင်ငံသို့ သာသနာပြုခရီးကြွတော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်သည် ကပ္ပိယကာရက ဦးမျိုးမင်းအောင်နှင့် ဦးမင်းသူတို့လိုက်ပါလျက် စင်ကာပူနိုင်ငံသို့ ၃၁-၅-၂၀၁၂ရက် နေ့လယ်တွင် လေကြောင်းခရီးဖြင့် သာသနာပြုခရီး ကြွချီတော်မူပြီး ၂-၆-၂၀၁၂ ရက်မှ ၆-၆-၂၀၁၂ ရက်အထိ Poh Ern Shih Temple No.9, Chwee Chain Road, Pasir Pajain,S-117488 တွင် ပဋ္ဌိစ္စသမုပ္ပါဒ် ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်ကြောင်းနှင့် ဆရာတော်သည် ၁၂-၆-၂၀၁၂ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွချီတော်မူပြီး ၂၆-၆-၂၀၁၂ရက်တွင် အမေရိကန်နိုင်ငံသို့ ပြည်ပသာသနာပြုခရီး ကြွချီတော်မူမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက်။ ။ www.mahamunibuddhistsociety.com မှ **တရားဟောကြားချိန်တွင် တိုက်ရိုက်ရုပ်သံထုတ်လွှင့်ပါမည်။**

အကျိုးဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)
အောင်ဆန်း၊ အင်းစိန်မြို့နယ်

ကျောက်ဖြူအသင်း(ရန်ကုန်)မှ ပညာသင်ထောက်ပံ့ကြေးအတွက် လျှောက်လွှာခေါ်ယူခြင်း

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)မှ ပညာသင်ထောက်ပံ့ကြေးပေးရန် အစီအစဉ် ရှိပါသည်။

ကျောက်ဖြူမြို့နယ်အသင်းဝင်များ၏ သားသမီးများ၊ ကျောက်ဖြူမြို့နယ်အတွင်း အခြေချနေထိုင်ကြသော ကျောင်းသူ ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်တက်ရောက်ရန် အခက်အခဲရှိသူများ၊တက်ရောက်နေသူများသည် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို၁၅-၇-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ သိလိုသောအချက်အလက်များ/ လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။ ဒုတိယဗိုလ်မှူးကြီးခင်အေး(ငြိမ်း) ၀၉-၅၂၀၁၇၈၈၊ ဦးအောင်ကျော်ဖုံ ၀၉-၅၁၃၈၅၁၃၊ ဦးကျော်လင်း ၀၉-၇၃၀၀၁၉၈၈၊ဦးသန်းဌေးအုန်း ၀၁-၅၆၃၀၄၄၊ ဒေါ်ခင်လှမြိုင် ၀၉-၅၀၃၉၂၅၅၊ ဒေါ်ခင်ခင်ဖြူ ၀၁-၅၄၃၄၁၅၊ ကျောက်ဖြူပညာရေးမြှင့်တင်ရေးကော်မတီ၊ ကျောက်ဖြူမြို့။ **ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)**

(၄၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

၂၀၁၂ ခုနှစ် ဇွန် ၃ရက် (တနင်္ဂနွေနေ့)တွင်ကျရောက်သော ချစ်ဖေဖေဦးတင်အေးနှင့် ချစ်မေမေဒေါ်ကြည်ကြည်အုန်းတို့၏ (၄၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်သည့်တိုင် ဘာသာ၊ သာသနာနှင့် တိုင်းကျိုးပြည်ကျိုးများကို ချစ်သောသမီး၊ သား၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် သက်ဆုံးတိုင် ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ-

သမီးကြီး - မိုးမိုးအေးမိသားစု
သားကြီး - ဇော်မင်းအေးမိသားစု
သားငယ် - ဥက္ကါအေးမိသားစု

ချစ်မြေးများ-

- မိုးမိုးမဉ္ဇူအေး
- လင်းသန့်ကြည်စင်အေး
- ကြည်နူးခင်
- စစ်ထူးတင်

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ သတ္တမတန်းမှ မောင်လော်ကျားဟုန်၏ ဖခင်အမည်မှန်မှာ ဦးလော်ရင်ဟွမ်း ဖြစ်ပါသည်။ **ဦးလော်ရင်ဟွမ်း**
၁၃/လရှန(နိုင်)၀၇၁၈၆၀

တိုက်ခန်းရောင်းမည်

ကျွန်းတောလမ်းမပေါ်
ကျပ် ၁၂၅ သိန်း၊
ဖုန်း-၀၉-၅၁၇၇၅၆၉
၀၉-၄၃၁၆၃၃၁၆

ရောင်းမည်/ကားနှင့်လဲမည်

လက်ရှိအသုံးပြုလျက်ရှိသော
မြေထိုးစက် နှစ်စီး
ဖုန်း-၀၉-၇၃၀၈၇၅၆၆၊
၀၉-၅၀၁၄၂၉၆

သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ရွှေရတုဝိဇာတငါးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ နှိုးဆော်ဖိတ်ကြားလွှာ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်ရှိ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်အတွင်း ဆောက်လုပ်ပြီးစီးပြီဖြစ်သော ရွှေရတုဝိဇာတအထိမ်းအမှတ် ငါးထပ်ကျောင်းတော်ကြီးရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၅ရက်(၉-၆-၂၀၁၂ ရက်) စနေနေ့၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းအလှူရှင်များ ကြွရောက်ရေစက်ချ အနုမောဒနာပြုပါရန်နှင့် ရေစက်ချပွဲသဘင်အတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။ **ပစ္စယာနုဂ္ဂဟအဖွဲ့ ဖုန်း-၀၁-၅၇၁၁၃၄၊ ၀၉-၅၁၃၅၄၇၀**

အမည်ပြောင်း

ဦးအောင်မင်းကျော်သူ၏ သားအထက(၂) ယုဇနဥယျာဉ်မြို့တော်၊ စတုတ္ထတန်းအောင်မှ မောင်ကိုကိုကြီးအား ယနေ့မှစ၍ မောင်သောင်းနိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သောင်းနိုင်စိုး**

ဖခင်အမည်မှန်

အထက(၃) တောင်ဥက္ကလာ၊ Grade-(10) အောင် မဥာဏ်ပုံနှင့် Grade-(8)အောင် မခင်ခင်ကြီးတို့၏ ဖခင်အမည်မှန်မှာ ဦးရင်ဇော် ၁၂/ကမရ(နိုင်)၀၁၆၈၉၃ ဖြစ်ပါသည်။ **ဦးရင်ဇော်**



အမည်ပြောင်း

ဦးသန်းမြင့်၏သား ဟသ်ာတမြို့ အမက ငရုဉ့်ဂယက်ကျေးရွာ ဒုတိယတန်းမှ စောထွန်းထွန်းလင်းအား ယနေ့မှစ၍ မောင်ခန့်မင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်မင်းသန့်**



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဂျပန်နိုင်ငံ တိုကျိုမြို့၊ 303, HIGARI BLD, 3-7-10, TAKADANO BA BA, SHINJUKU-KU, SHINJUKU နေ
ဦးရဲငြိမ်း-ဒေါ်နုနုသက်(ခ)ဒေါ်နှင်းမှုံတို့၏ သားကြီး၊
မောင်တည်ကြည်ရဲရင့်၏ အစ်ကို
မောင်ဇာနည်ရဲငြိမ်း(ခေတ္တ-လန်ဒန်)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း၊ အမှတ် ၆၉ (ငါးလွှာ)အနေနှင့် တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၆၂၃ နေ
ဦးငွေမောင်-ဒေါ်သက်ထားမေ(ခ)ဒေါ်နိုင်နိုင် (မင်္ဂလာဈေး)တို့၏ သမီး၊
မောင်ကျော်သက်နိုင်၊ မောင်စက်မော်ဟန်-မချစ်ရည်ဝင်းတို့၏ ညီမ
မထက်ထက်ငွေမောင်(ခေတ္တ-လန်ဒန်)
တို့သည် နှစ်ဖက်မိဘများ၏ခွင့်ပြုချက်အရ ၂-၄-၂၀၁၂ရက်၌ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ HOUNSLOW MIDDLE SEX TW 33Q.R PENDEREL R.D အမှတ်(၃၂) နေအိမ်တွင် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ကူညီပါ ၁၉၇၅-၁၉၇၆ခုနှစ်က **"ချစ်တပည့်ထံပေးစာ"** ခေါင်းစဉ်နှင့် စာအုပ်လေးတစ်အုပ်ကို ဆရာရေးခဲ့ပါတယ်။ အခုအဲဒီစာအုပ်လေးကို ပြန်ထုတ်ဝေချင်ပါတယ်။ စာမူပျောက်နေပါတယ်။ ၁၉၇၅-၁၉၈၀ ခုနှစ်အတွင်းက ဆရာရဲ့ (၉၊ ၁၀)တန်း၊ တက္ကသိုလ် ပ၊ ဒု နှစ် တပည့်ဟောင်းများ၊ မိတ်ဆွေသူငယ်ချင်းများနဲ့ စာဖတ်သူများထံတွင် ရှိပါက ပို့ပေးစေချင်ပါတယ်။ **အသစ်ပြန်လည်ထုတ်ဝေသော စာအုပ်ကို ပြန်ပို့ပါ့မယ်။**
***Saya V*၊ ၁၈၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၄၈၂၁၂**



ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၂)လမ်း၊ တိုက်အမှတ်(၄/၆)၊ အခန်းအမှတ်(၃/C)၊ (၃)လွှာ၊ ဒုတိယထပ်ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါနေအိမ်တိုက်ခန်းကို စာချုပ်သက်တမ်းဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးအောင်မျိုးသန့် ၁၂/လမန(နိုင်)၀၀၅၈၀၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)
ရှေ့နေနှင့် စာချုပ်စာတမ်းဥပဒေအကြံပေး
ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၁-၅၂၆၀၈၄

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်းမကြီး၊ အမှတ်(၁၄၁/၁၄၉)၊ အခန်းအမှတ်(၁၀၀၄)တိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရွှယ်ဆိုင်မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ်(၉/၁၁)၊ အခန်းအမှတ် ၂၀၁(A) ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်တော်အပိုင်ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြေတိုင်းအမှတ် ၅၃၄(အေ)၊ မြေကွက်အမှတ်(၁၉)၏ လက်ကျန်အစိတ်အပိုင်း ၂ဒသမ၇၈ ဧကသည် ကျွန်တော်မှ လက်ရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းသို့ ကျွန်တော်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ကျူးကျော်ဝင်ရောက်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း မပြုလုပ်ကြရန် တားမြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ ဂရန်လျှောက်ထားခြင်း၊ ပိုင်ဆိုင်မှုတစ်မျိုးမျိုးလျှောက်ထားခြင်း၊ ခြံစည်းရိုးကာရံခွင့်လျှောက်ထားခြင်း၊ နေအိမ်ဆောက်လုပ်ခွင့်လျှောက်ထားခြင်း၊ လျှောက်ထားမှုတစ်မျိုးမျိုးအား မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူနှင့် ပြုလုပ်ပေးသူတို့၏တာဝန်သာဖြစ်ကြောင်း သတိပေးလိုက်သည်။ အထက်ပါ သတိပေးတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက ပြစ်မှုဆိုင်ရာ တည်ဆဲဥပဒေများ အရလည်းကောင်း၊ တရားမဆိုင်ရာ ဥပဒေများအရလည်းကောင်း ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်း
၁၂/မဂဒ(နိုင်)၁၀၆၅၃၀
အမှတ် ၄/၃၆၁၊ ကာယ ၁၂လမ်း၊
သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မန္တလေးခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမအထွေထွေအမှုအမှတ်-၄၆

(ကွယ်လွန်သူဦးကျော်တင့်(ခ)ဦးစိုးမောင်မောင်ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

အောင်မြေသာစံမြို့နယ်၊ မေယဂီရီရပ်၊ အကွက် ၁၄၁၊ ဦးပိုင်အမှတ် ၃၂၊ ဘိုးဘပိုင်မြေနှင့် ယင်းပေါ်ရှိ အဆောက်အအုံ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်တင့်(ခ)ဦးစိုးမောင်မောင်ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ဦးမြင့်သန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက် (၁၃၇၄ခုနှစ် နယုန်လကွယ်နေ့)တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်တင့်(ခ)ဦးစိုးမောင်မောင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူမည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက် (၁၃၇၄ ခုနှစ် နယုန်လကွယ်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူဦးမြင့်သန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၂ ခုနှစ် မေ ၂၄ ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

မောင်မောင်အေး
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

-စမ်းချောင်း၊ ပေ (၁၂ ½×၅၅)၊တတိယထပ်၊ ပြင်ဆင်ပြီးအသင့်နေတိုက်ခန်းသစ်။
-ပါကေးခင်း၊ သံပန်း၊ နောက်ဆန်းရိုက်၊ အိပ်ခန်း (၁)၊ ကိုယ်ပိုင်(ရေ၊ မီး)။
-(ဝရန်တာ၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ)ကြွေပြားကပ်ပြီး။
-(ရှေ့/နောက်) ဝရန်တာပါ၊ တိုက်ခန်း (သစ်/သန့်)၊ လမ်းသန့်။
ကျပ် ၂၆၅သိန်း ဖုန်း-၀၉-၇၃၂၀၁၁၇၉

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ ကံဘဲ့၊ မြေကွက်အမှတ် ၇/၃၁၊ မြေကွက်တည်နေရာအမှတ် ၃၉၂၊ ဝါယာလက် ၃လမ်း၊ ကမ္ဘာအေး (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်လှမြင့် အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက်မွေးစားမိခင်ဒေါ်လှမြင့်(အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးလှမျိုးသိန်း ၁၂/မရက(နိုင်)၀၄၂၇၅၆၊ ဦးစိုးမြင့်သိမ်း ၁၂/မရက(နိုင်)၀၀၀၃၂၂၊ ဒေါ်စိုးသီတာ ၁၂/မရက(နိုင်)၀၄၁၁၅၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်း၊ ကိတ္တိမမွေးစားစာချုပ် ၁၈၅၄/၂၀၀၀(၂၇-၄-၂၀၀၀) တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၇၊ မြေကွက်အမှတ်၂၆/က(၂)၊ မြေကွက်တည်နေရာ အမှတ် ၂၀၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ် မစ္စစ်အက်စ်စမတ် အမည်ပေါက်မြေပိုင်မြေ(လ/န၃၉ရပြီး) မြေအား အမည်ပေါက် အဘွား ဒေါ်ဆာဒီစမတ်(ခ)ဒေါ်စေတီ(ခ)ဒေါ်အက်စ်စမတ်နှင့် အဘိုးဦးဂျေစမတ်၊ ဖခင်ဦးဘားနားဘတ်စ်နှင့် မိခင်ဒေါ်လီလီတို့ကွယ်လွန်သဖြင့် ဒေါ်ဂျင်အက်စ်ဘားနားဘတ်စ် ၁၂/လမန(နိုင်)၁၁၃၄၁၅ က တစ်ဦးတည်းသောမြေးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ အမှတ် (၈) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းအောင် မဝေမီမီကို ၈/ရနခ(နိုင်) ၁၄၆၀၆၆၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၁၉၉၈ဖြစ်ကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မင်း ၈/ရနခ(နိုင်)၀၇၄၅၈၃ဖြစ်ပါသည်။

အမည်ပြောင်း

မကွေးမြို့၊ အလက(၁) ဆားစည်ကျောင်း၊စတုတ္ထတန်း(A)မှဦးခင်မောင်ဦး ၈/မကန(နိုင်)၁၂၄၃၆၁၏ သားမောင်အုပ်ခန့်မှူးအား ယနေ့မှစ၍ မောင်လင်းသုတအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းသုတအောင်**







ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၉၇(ပဲမှီကုန်း)၊ မြေကွက်အမှတ်၆၈၊ မြေကွက်တည်နေရာအမှတ် ၉၊ နတ်စင်လမ်း၊ ဝါခင်းရပ်ကွက်၊ အစိုးရ (NHBရုံးမြေအခွန်မြေတိုင်းဌာန၏ ၃၁-၅-၆၅ရက်စွဲပါ စာအမှတ် ၆၄/၃တ-၁၇/၆၃အရ အစိုးရမြေသတ်မှတ်သည်။) အမည်ပေါက် L မြေအား အရောင်းအဝယ်အရပ်ကတိစာချုပ်နှင့် မှတ်ပုံတင်မိတ္တူတို့တင်ပြ၍ ဦးစံဝင်း ၁၃/မနန(နိုင်)၀၀၉၄၁၈က ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀ဂျေ၊ မြေကွက်အမှတ်I.၁၈-A၊ မြေကွက်တည်နေရာ အမှတ်၂၀ဘီ၊ ၅၅ လမ်း၊ (၂)ရပ်ကွက်၊ ဒေါ်ကြင်တင် CI-၀၁၈၉၂၇ အမည်ပေါက် နှစ်၆၀ မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက်ဒေါ်ကြင်တင်နှင့် ခင်ပွန်းဦးဘတင်၊ ညီမဖြစ်သူ ဒေါ်ကျင်ဆိုင် ကွယ်လွန်သဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိတ္တိမမွေးစားစာချုပ်အမှတ်၁၅၀၉/၀၇ဖြင့် မွေးစားခံရသူ (၁)ဦးခင်ဟန်စိန်(ခ)ဒေးဗစ်တင် ၁၂/ပဇတ(နိုင်)၀၁၇၀၅၄၊ (၂)ဦးမြင့်အေး ၁၂/ပဇတ(နိုင်)၀၁၈၀၄၃၊ (၃) ဒေါ်ခင်ချိုမာ ၁၂/ပဇတ(နိုင်)၀၁၆၀၉၂တို့က မွေးစားသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃စီ၊ မြေကွက်အမှတ်V၃၉၊ မြေကွက်တည်နေရာ အမှတ် ၂၉၊ လမ်း၁၄၀၊မအူကုန်း၊ တာမွေမြို့နယ် ဒေါက်တာတင်လင်းမြင့်အမည်ပေါက် နှစ်၉၀ဂရန် သက်ကုန်းမြေအား အမည်ပေါက် ဒေါက်တာဒေါ်တင်လင်းမြင့် ၈/မကန(နိုင်)၀၂၀၂၈၈က ဂရန်မီးလောင်ပျက်စီးကြောင်း အထောက်အထား တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၃E၊ မြေကွက်အမှတ် V ၂၇၈၊ မြေကွက်တည်နေရာအမှတ် ၁၅၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ် မသန်းစိန်အမည်ပေါက် နှစ် ၉၀မြေငှားဂရန်မြေအား အမည်ပေါက် မသန်းစိန် ကွယ်လွန်သဖြင့် ဦးချစ်စိန်၁၂/အလန(နိုင်)၀၃၁၀၀၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေးစခန်း၊ အင်ကြင်းဆောင်၊ အခန်းအမှတ် ၉ ဦးရာစင် အမည်ပေါက်ဆိုင်ခန်းအား ဖခင်ဦးရာစင်(ကွယ်လွန်)၊မိခင်ဒေါ်ခင်သန်း(ကွယ်လွန်)တို့၏ သားသမီးများဖြစ်သော (၁)မသန်းသန်းဦး၊ (၂) မောင်သန်းစိုး၊ (၃) မစောစောထွေး၊ (၄) မမြင့်မြင့်ဝင်း၊ (၅) မစောမူ၊ (၆) မောင်သန်းထိုက်အောင်တို့ထံမှ အဆိုပါဆိုင်ခန်းအား ဝယ်ယူပြီးရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့အမည်ပေါက်ပြောင်းလဲ လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဒေါ်စန္ဒာ အမှတ် ၁၅၊ ၁၃၉ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ် ၄၀၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးအောင်ဝင်း ၁၂/သဃက(နိုင်)၀၉၅၅၇၁အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ဝင်းထံမှ အထွေထွေကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးမိုးသူအောင် ၁၂/သဃက(နိုင်)၀၄၄၂၄၆က GP No. ၆၁၆၀/ ၂၀၀၅ နှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိသေးကြောင်းနှင့် ပြန်လည်ရုပ်သိမ်းသေးခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

SAKURA AUTO AUCTION CENTRE

SAKURA TECHNICAL SERVICES CO.,LTD

STC

RAN SPEED AUTO CENTRE

RAN SPEED Services Co.,Ltd

RS AUTO

မြန်မာနိုင်ငံတွင် အကြီးဆုံး၊ ကားအများဆုံး နှင့် ဈေးနှုန်းအသက်သာဆုံး SAKURA AUTO AUCTION CENTRE မော်တော်ယာဉ်အရောင်းပြခန်းတွင် အဆင့်အတန်းမြင့်မားသော မော်တော်ကားမျိုးစုံကို အသက်သာဆုံး ဈေးနှုန်းများဖြင့် ရောင်းချပေးနေပြီဖြစ်ပါသည်။

၂၀၀၇ ခုနှစ်ထုတ် မော်ဒယ်နှင့်အထက် ဂျပန်နိုင်ငံထုတ်ကားမျိုးစုံမှာယူလိုသူများအတွက် Bank Account ဖွင့်သည့်စနစ်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ပြီးသည်အထိ ကျပ်သိန်း(၁၀၀)နှင့်အထက် ဈေးနှုန်းချိုသာသော ဈေးနှုန်းများဖြင့်ဝန်ဆောင်မှုပေးနေပြီဖြစ်ပါသည်။ ဈေးနှုန်းများမှာ ယုံကြည်ဝန်ဆောင်မှု ထပ်မံပေးဆောင်စရာမလိုသော အခြေအနေဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

- SAKURA AUTO ရှယ်နီဥယျာဉ်အိမ်ရာ၊ ၁၄/၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း၊ ၀၁-၅၆၆၀၀၉ ၊၀၁ ၅၆၆၀၀၆၊
- *Ran Speed Services Co.,Ltd.* သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ဥက္ကလာပစေတီအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း၊ ၊၀၁ ၅၇၀၀၆၂ ၀၁ ၅၇၀၀၆၀၃၊

ကန့်ကွက်နိုင်ပါကြောင်း

